# တစ်ခါတုန်းက
# တပည့်တွေ

အောင်သင်း

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တစ်ခါတုန်းက တပည့်တွေ

## အောင်သင်း

ဖြန့်ချိရေး

အမှတ် (77/D)၊ မွေပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၃၈၃၆

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၄၀၀၇၄၅၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၆၆၀၀၅၀၇

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း
နိုင်သစ်နီ၊ မင်းမင်းဇော်

ကွန်ပျူတာစာစီ
ငွန်ပွင့် ကွန်ပျူတာ

ထုတ်ဝေသည့်အကြိမ်

တတိယအကြိမ်

ထုတ်ဝေသည့်ကာလ

ဩဂုတ်လ၊ ၂၀၀၅ ခုနှစ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ
ဒေါ်ဝင်းမာတင် (မြ-၀၃၇၃၇)၊ ငွန်ပွင့်စာပေ
အမှတ်(77/D)၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းလွင်(ရွှေဟင်္သာအော့ဖ်စက်)
အမှတ်(၃၁)၊ ဦးရွှေဂွန်းလမ်းတို၊ ပုဇွန်တောင်။

တန်ဖိုး

# မာတိကာ


| | | |
|---|---|---|
| ● | အမှာစာ | ၇ |
| ၁။ | ထဘီသင်ခန်းစာ | ၁၁ |
| ၂။ | နှလုံးသားပရိယာယ် | ၂၇ |
| ၃။ | သူများဖြစ်ရင် | ၄၁ |
| ၄။ | တစ်ခါတုန်းက ပတ်ဝန်းကျင် | ၅၇ |
| ၅။ | အခြားသောမျက်နှာစာ | ၆၁ |
| ၆။ | ဘဝပစ်မှတ် | ၇၅ |
| ၇။ | ကလေးတွေဖို့ မုန့်ဖိုး | ၈၇ |

# တစ်ခါတုန်းကတပည့်တွေ

## တတိယအကြိမ်ရိုက်နှိပ်ခြင်းအတွက်အမှာစာ

စင်စစ်အားဖြင့် ဤအမှာစာမှာ လိုအပ်တော့သည်ဟု မထင်မိပါ။ သို့သော် 'ဗွန်ပွင့်' က သူတိုက်က ရိုက်နှိပ်ထုတ်ဝေသည်ဖြစ်သောကြောင့် အမှာစာလေးသီးသန့်ရေးပေးစေချင်သည်။ ဤစာအုပ်မှာ စာအုပ်ဈေးကွက်တွင် ပြတ်နေသည်မှာ အတော်လေးကြာနေခဲ့ပြီ ဖြစ်သည်။ 'ဗွန်ပွင့်'က ထုတ်ပါရစေဟု ခွင့်တောင်းလာသောအခါ ဝမ်းမြောက်ဝမ်းသာပင် ခွင့်ပြုလိုက်ပါသည်။ သူတို့၏ ရိုးသားဖြောင့်မတ်သော သမာဓိကို ချစ်ကြည်ညိုသည့် အကြောင်းလည်း ပါသည်ဟု ဆိုနိုင်ပါသည်။

အောင်သင်း

၁၅-၇-၂၀၀၅

ဗွန်ပွင့်စာအုပ်တိုက်

# အမှာစာ

'တစ်ခါတုန်းက တပည့်တွေ' ကို ဤသို့ စုစည်းပြီး ထုတ်ဝေရန် အကြိမ်ကြိမ်တိုက်တွန်းသူမှာ ကဗျာဆရာကံထွန်းသစ် ဖြစ်ပါသည်။ ထို့ပြင် သူက 'ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများ' သဘောပဲနော်ဟုလည်း ပြောပါသေးသည်။

သူပြောသည်မှာ မှန်ပါသည်။ သို့သော် ကျွန်တော် မူလ ရေးခဲ့စဉ်က 'ဆရာကြီးဦးဖိုးကျားလို ငါလဲ ကိုယ်တွေ့တွေကို ရေးဦးမှပဲ' ဟူသော ရည်ရွယ်ချက် မရှိခဲ့ပါ။ တကယ့်ကို ကိုယ်တိုင်ကြုံရသည့်အကြောင်းများကို ရေးချင်စိတ် တဖွားဖွား ပေါ်နေ၍သာ ရေးလိုက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခု ကံထွန်းသစ် က မှတ်ချက်ချလိုက်သောအခါတွင်မှ ဆရာကြီးကိုယ်တိုင် လည်း သူ့ခေတ်သူ့အခါတွင် လူငယ်တွေနှင့် ပတ်သက်ပြီး ပြော ချင်စိတ်၊ ဆိုချင်စိတ် တဖွားဖွားပေါ်နေခဲ့ရှာပေလိမ့်မည်ဟု တွေးလိုက်မိပြီး ဆရာကြီးဦးဖိုးကျားကို ကြည်ညိုခြင်းအသစ် ဖြစ်မိပြန်ပါသည်။

ဤသည်မှာ ဆရာကြီး၏ စေတနာကိုသာ ဆိုလိုခြင်း ဖြစ်ပါသည်။ ဆရာကြီး၏ အရေးအသားကို ပြောလိုက်ကြမည် ဆိုလျှင် ယခုထက်တိုင် သူ့စာများသည် ခေတ်မီနေဆဲ၊ ဖတ်လို့ ကောင်းနေဆဲပင် ဖြစ်သည်။ ဝတ္ထုတိုအရေးအသားတွေ၊ ပုံစံတွေ ဘယ်လောက်ပဲ ပြောင်းနေနေ သူ့စာတွေက ခေတ်မီနေဆဲ ဖြစ်သည်မှာ အံ့ဩစရာပင် ကောင်းနေပါသေးသည်။ 'အခမဲ့ ကူလီထမ်းခြင်းအကျိုး' ထဲက မောင်သောင်း၏ ဖခင်က ရေး

လိုက်သည့်စာကိုဆိုလျှင် ကျွန်တော် အတော်များများ နှုတ်လွတ်ရနေတော့သည်။ ဤမျှထိအောင် စွဲလမ်းမိပါသည်။

ဆရာကြီးအကြောင်း နောက်တစ်ဆင့် ပြောလိုက်ပါရစေဦး။ ရှေးခေတ်က မြန်မာစာရေးဆရာတို့သည် ဝါကျရှည်ကြီးများ၊ စကားလုံး ခံ့ခံ့ထည်ထည်ကြီးများ၊ ကာရန်နဘေများကို လှိုင်လှိုင်ကြီးသုံးပြီး ရေးတတ်ကြသည်။ ထိုခေတ် ထိုအခါကို အန်တုလျက် ဝါကျတိုများ၊ သာမန်အရပ်သုံးစကားများကို ထိထိမိမိဖြစ်အောင် ရေးခဲ့ကြသည့် စာပေရေးဟန် အပြောင်းအလဲ လှုပ်ရှားမှုကြီးတွင် ဆရာကြီးသည် တပ်ဦးမှ ခန့်ခန့်ကြီး ပါဝင်ခဲ့သည့် စာရေးဆရာကြီးဖြစ်သည်။

ထို့ကြောင့် ကျွန်တော့်စာများကို ကဗျာဆရာကံထွန်းသစ်က 'ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများ' နှင့် ယှဉ်လိုက်သောအခါ နှစ်သက်သာယာခြင်း ဖြစ်မိသည်မှာ မှန်သော်လည်း စိတ်ထဲက 'မဆိုင်ဘူးနော်' ဟု ကိုယ့်ဘာသာ ပြောနေမိပါသည်။

ကိုယ့်အထွာနှင့်ကိုယ် ဆိုသလို ကျွန်တော်လည်း ကျောင်းဆရာဘဝတွင် ကိုယ်ကြုံခဲ့သမျှကလေးတွေကို ရေးလိုက်ရပါသည်။ သက်ဆိုင်ရာကာယကံရှင်တို့ကို ထောက်ထား၍ အမည်နာမ၊ နေ့ရပ် စသည်တို့ကို ပြောင်းလွဲထားရပါသည်။ ထိုမျှမက အချို့သော ဖြစ်ရပ်ကလေးများဆိုလျှင် မူလတကယ့်ဖြစ်ရပ်အတိုင်း တင်ပြရန် မသင့်သောကြောင့် မသိမသာ ပြောင်းလဲလိုက်ရသည်များလည်း ရှိပါသည်။ သို့သော်

ပဓာနအာဘော်များကား ကျွန်တော် တကယ့်ကြုံတွေ့ခဲ့ရသည် များသာ ဖြစ်ပါသည်။

ကျွန်တော်က ကျောင်းဆရာပါ။ ကျောင်းသား လူငယ်တို့ ကျွေးသောထမင်းကို စားပြီး အသက်ရှင်သန် လာခဲ့ရသူပါ။ သူတို့ကျေးဇူးလည်း ကြီးပါသည်။ ကျေးဇူးသိတတ်ဖို့ ခက်ပါသည်။ ကျေးဇူးကို ဆပ်နိုင်ဖို့က ပိုပြီးခက်ပါသည်။ ယခု ဤစာများသည် ကျွန်တော့်ကို ကျေးဇူးပြုခဲ့သည့် ကျောင်းသားများ၊ လူငယ်များအတွက် ရည်စူးပါသည်။

ကျွန်တော် အသက်ကြီးပါပြီ။ အိုမင်းမစွမ်းဘ၀သို့ ရောက်လုနီးပါပြီ။ ကျွန်တော် အားကိုးစရာ ရှာလိုက်တော့ လူငယ်တွေကိုပဲ မြင်သည်။ ကိုယ်မှ မစွမ်းတော့ဘဲကိုး။ ကျွန်တော် အားကိုးသည့် လူငယ်တွေ စွမ်းစေချင်သည်။ ထက်စေချင်သည်။ သူတို့ စွမ်းဖို့အတွက်၊ သူတို့ ထက်ဖို့အတွက် သူတို့လို လူငယ်တွေရဲ့ အကြောင်းကို ကျွန်တော် ရေးပစ်လိုက်သည်။ သူတို့ချင်း နားလည်ကြပေါ့။

သူတို့အချင်းချင်း နားလည်ပြီး တစ်ယောက်အမှားကို တစ်ယောက်က သင်ခန်းစာ ယူနိုင်ကြလျှင်၊ တစ်ယောက်ရဲ့ အမှန်ကို တစ်ယောက်က သင်ခန်းစာ ယူနိုင်ကြလျှင် ကျွန်တော် ကျေနပ်ပါပြီ။ ကျွန်တော် လူငယ်စာဖတ်ပရိသတ်ကို တစ်ခုပဲ ပြောချင်ပါသည်။ 'မင်းတို့ချင်း နားလည်ကြပါ။ စာနာကြပါ'။ ဒါပါပဲ။

အောင်သင်း

၃-၈-၉၇

# ထဘီသင်ခန်းစာ

မိဖြူနှင့် မိမူတို့နှစ်ယောက် ကျွန်တော့်အခန်းထဲ ဝင်လာလိုက်တော့ သူတို့နှစ်ယောက်လုံး ချွေးတပြိုက်ပြိုက်နှင့် ဟောဟဲဆိုက်နေကြပါသည်။ ဘာမျှ မပြောနိုင်သေးဘဲ သူတို့လက်ထဲတွင်ပါလာသော အထုပ်ကလေးတွေကို အခန်းထောင့်ရှိ စားပွဲကလေးပေါ်သို့ သွားထားလိုက်ပြီး ကျွန်တော့်ရေတကောင်းကိုယူ၍ ရေနှစ်ခွက်စီလောက် ဆင့်သောက်လိုက်ကြသည်။ ကျွန်တော့်အဖို့ ဘာမှမဆန်းတော့။ သည်ရေတကောင်းမှာ ရေကုန်နေသည်ကို တွေ့လိုက်လျှင် သူတို့တွေပဲ ဆေးကြောပြီး ရေဖြည့်ပေးကြပါသည်။ ရေစစ်ကလေး ဟောင်းနေသည်ကို

တွေ့လိုက်လျှင်လည်း သူတို့တစ်တွေပဲ မှတ်မှတ်ရရ အသစ်ဝယ်လာတတ်ကြသည်။ ပြီးတော့ သူတို့တစ်တွေပဲ သည်ရေကိုလာသောက်တတ်ကြသည်။ သူတို့ ရေသောက်လို့ အားရသွားကြပြန်သောအခါ တဟောဟဲဟဲ လုပ်နေရင်းကပင် ပိုင်စိုးပိုင်နင်း ပန်ကာကို ဖွင့်လိုက်ကြပြီးနောက် 'အမယ်လေးလေး မောလိုက်တာ' ဆိုပဲ။

သည်တော့ ကျွန်တော့်မှာလည်း မနေနိုင်တော့ဘဲ လက်ထဲက ဖတ်လက်စစာအုပ်ကို ချထားလိုက်ပြီးနောက် -

"ကဲ- နင်တို့နှစ်ယောက် ဘာဖြစ်လာကြပြန်တုံး။ ရည်းစားစကားလိုက်ပြောလို့ ထွက်ပြေးလာကြသလား" ဟု ရယ်မောပြီး မေးလိုက်ပါသည်။

နှစ်ယောက်သား ရယ်လိုက်ကြပြီး မိဖြူက -

"ဆရာကလဲ မဟုတ်တာ။ ရည်းစားစကားလိုက်ပြောတာကို ထွက်ပြေးရမှာလား။ ရည်းစားစကား အပြောခံရတယ်ဆိုတာ မိန်းကလေးတစ်ယောက်အဖို့ မင်္ဂလာတစ်ပါးမဟုတ်လား။ ရည်းစားစကား အပြောမခံရမှာကိုတောင် စိုးရိမ်နေကြရတာ။ အခုလဲ ရည်းစားစကား အပြောခံရပါမယ့် အရေးပြေးလွှား လုံးပန်းနေကြရလို့ မောနေတာ ဆရာရေ့"

"ဟေ ... ရည်းစားစကားအပြောခံရဖို့အရေး လုံးပန်းနေကြသေးတယ်။ ဟုတ်လား၊ ငါဖြင့် ကြားကြားဖူးပေါင်ဗျာ။ နင်တို့ကျမှပဲ"

သည်တော့မှ မိမူက ရယ်မောပြီး -

"စိန်ဂွန်းဈေးက ပြန်လာတာ ဆရာရေ့။ မိဖြူ ထဘီ တစ်ထည် ဝယ်ချင်လို့တဲ့။ အဲဒါနဲ့ ကျွန်မက အဖော်လိုက်သွားရ တာ။ သတိရလို့ ဆရာ့ဖို့တောင် မြေပဲလှော်တစ်ထုပ်ဝယ်လာခဲ့ သေးတယ်၊ ဟောဒီမှာ။ မောလိုက်တာ ဆရာရယ်။ လူကို ဟော ဟဲလိုက်နေတာပဲ။ ဆရာ့တပည့် မိဖြူကလဲ ဇီဇာကြောင် လိုက်တာ မပြောပါနဲ့တော့။ စိန်ဂွန်းဈေးတစ်ခုလုံး ပတ်ပြီး လျှောက်လိုက်ရတာ ဒူးတွေတောင် ချောင်လာတယ်"

"ထဘီလေးတစ်ထည် ဝယ်တာများဟယ်၊ နင်တို့မှာ ဒီလောက်တောင် အပင်ပန်းခံနေရသလား။ ကိုယ်ကြိုက်တာ တွေ့ရင် ကောက်ပြီး ဝယ်လိုက်ပေါ့။ ဒါကိုများ အပင်ပန်း ဒီ လောက်ခံနေရတယ်လို့"

"အံမာ . . . ဆရာ့နှယ် ပြောတော့ လွယ်လိုက်တာ"

"ဟဲ့ - ဘာများ ခက်နေလို့လဲ မိဖြူရဲ့။ ငါတော့ ဖြင့် ခက်တယ် မထင်ပေါင်ဗျာ။ ငါတို့လဲ လုံချည်တို့ ဘာတို့ ဝယ်ခဲ့ဖူးပါတယ်။ နင်တို့လောက်ပဲ ပင်ပင်ပန်းပန်း ခဲရာခဲဆစ် လုပ်နေရပါဘူး"

"ဆရာတို့ယောကျ်ားလေးနဲ့ တူမလား ဆရာရဲ့။ ကျွန်မ တို့ ထဘီဆိုတာ ဆရာတို့ ပုဆိုးလိုဟာမျိုးမှ မဟုတ်ပဲ။ ပုဆိုး ဆိုတာမျိုးက အရောင်ရယ်၊ အကွက်ကျဲ၊ အကွက်သေးရယ် ဒါလောက်ပဲ ရှိတာ။ ဒီထက်ပိုလို့ဆိုရင် ချောသလား၊ ကြမ်းသ လား၊ ထူသလား၊ ပါးသလား ဒါလောက်ပဲ ရှိတော့မပေါ့"

"အမယ် - ကဲကဲ ဆိုစမ်းပါဦး။ နင်တို့ ထဘီကကော

ဘာတွေများ ပိုနေသေးလို့လဲ"

"ပိုလိုက်သမှ အများကြီး၊ ထဘီဆိုတာက အပွင့်တွေ၊ အခက်တွေ၊ အရွက်တွေ၊ ရုပ်စုံ အကောင်ပလောင်တွေ၊ ဆေးရောင်တွေ၊ အသားတွေ ရွေးလိုက်ရတာ၊ နည်းရော့လား။ နောက်ပြီး ရိုးနေပြီလား၊ ဆန်းသလား အဲဒါတွေကလဲရှိသေးတယ်။ နောက်ပြီး . . ."

"ဟယ် - မကုန်သေးဘူးလား"

"ဘယ်ကုန်ဦးမှာလဲ ဆရာရဲ့။ ကိုယ့်မှာ ရှိပြီးသားအရောင်တွေ၊ အဆင်တွေနဲ့ ကွဲရဲ့လား။ ဆင်တူနေသလား။ ကိုယ့်မှာရှိတဲ့ လက်ကိုင်အိတ်တို့ အင်္ကျီတို့နဲ့ အဆင်ပြေရဲ့လား။ အင်္ကျီ ဘယ်နှစ်ထည်လောက်နဲ့ ဝတ်နိုင်သလဲ။ ပွဲနေပွဲထိုင်ထိအောင် ဝတ်နိုင်သလား။ နေ့ပွဲဝတ်လား၊ ညပွဲ မီးရောင်နဲ့ဆိုရင် . . ."

သူ့စကားမဆုံးခင် ကျွန်တော်က ရယ်မောပြီး -

"ကဲကဲ တော်ပါတော့ မိဖြူရယ်။ နင်တို့ ထဘီဝယ်တဲ့ လုပ်ငန်း အလွန်ကြီးကျယ်ကြောင်း သဘောပေါက်ပါပြီ"

"အမယ် - ဒါတောင် ထဘီသင်ခန်းစာအစပဲရှိသေးတယ်။ ထဘီသင်ခန်းစာ နိဒါန်း . . ."

ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်လိုက်မိပါသည်။ သူတို့နှစ်ယောက်စလုံးလည်း ရောပြီး ရယ်မောကြပါသည်။

"အဲဒါနဲ့ မိမူက အတိုင်ပင်ခံ အကြံပေးအရာရှိအဖြစ် ထဘီအော်ပရေးရှင်းကြီးအတွက် စိန်ဂွန်းဈေးကို လိုက်သွားရ

တယ်ဆိုပါတော့"

ကျွန်တော့်မျက်စိတွင် မိဖြူနှင့်မိမူ နှစ်ယောက်သား ဟိုဆိုင်ဝင်လိုက်၊ ဒီဆိုင်ထွက်လိုက် ဟိုလုံချည်စကို ကိုင်ကြည့်လိုက်၊ ဒီလုံချည်စကို ကိုယ်နှင့်ကပ်ကြည့်လိုက် လုပ်နေကြပုံကို မြင်ယောင်ကြည့်လိုက်မိပါသည်။ ပြီးမှ -

"အဆင်အသွေး ရွေးတယ်ပဲ ထားပါဦးတော့ဟယ် . . . နှစ်ဆိုင်သုံးဆိုင်ထက် ပိုပြီး ရွေးစရာလိုမယ်မထင်ပါဘူး။ စိန်ဂွန်းဈေးတစ်ခုလုံးပဲ လျှောက်ပြီး ပတ်နေရသလား"

"ဈေးကလဲ ကွာသေးတာကိုး ဆရာရဲ့၊ ဒီတော့ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်ပြီး စနည်းနာ ဈေးဆစ်ကြရတာပေါ့"

"အင်း . . . နောက်ဆုံးမယ် ဈေးဘယ်လောက် သက်သာလာခဲ့သလဲ၊ ပြောစမ်းပါဦး"

သူတို့နှစ်ယောက်သား ပြိုင်တူရယ်လိုက်ကြပြီး -

"ဟဲဟဲ သုံးကျပ်ခွဲ"

ကျွန်တော်လည်း နှစ်ခြိုက်စွာ ရယ်လိုက်ပြီး -

"သုံးကျပ်ခွဲ သက်သာလိုက်တာ သံပုရာရည်နှစ်ခွက်တောင် သောက်ယူလိုက်ကြရအောင် ပင်ပန်းသွားကြတယ် ဆိုပါတော့"

"နန်းကြီးနှစ်ပွဲတောင် ပါလိုက်သေး . . ."

သူတို့ရော ကျွန်တော်ပါ ရယ်မောမိကြပါသည်။

ထိုကဲ့သို့ ရယ်မောနေရင်းပင် မကြာသေးမီက ကြုံခဲ့သော ဖြစ်ရပ်ကလေးတစ်ခုကိုလည်း ဖျတ်ခနဲ ပြန်ပြီး သတိရ

လိုက်ပြန်ပါသည်။ ရုတ်တရက်တော့ ကျွန်တော် ခပ်ငေးငေး ဖြစ်သွားလိုက်မိပါလိမ့်မည် ထင်သည်။ နောက်တော့လည်း သူ တို့ကို ကြည့်ပြီး အနည်းငယ်ပြုံးလိုက်မိယောင် ဖြစ်သွားသည် ထင်ပါသည်။ ထို့ကြောင့် မိဖြူက -

"ဘာပြုံးတာလဲ ဆရာရဲ့၊ ဆရာပြုံးနေပုံကလဲ တစ်မျိုး ကြီးပဲ"

"သြော် . . . သတိရလိုက်လို့ပါ"

"ဘာသတိရမိတာလဲ၊ ဆရာကလဲ ဘာမှန်းလဲ မသိဘူး"

"သြော် -နင်တို့ ထဘီတစ်ထည်ရွေးကြပုံကို တွေ့လို့ သတိရမိတာကလေးတစ်ခုရှိလို့ပါ"

သူတို့နှစ်ယောက်စလုံး ကျွန်တော့်ကို ကြောင်စီစီကြည့် နေကြပါသည်။ ကျွန်တော်က ရုတ်တရက် မျက်နှာပိုးသတ် လိုက်ပြီး -

"ဒါထက် နင်တို့ကို စကားမစပ် တစ်ခုမေးရဦးမယ်။ ငါတို့ ဟိုအရင်တစ်ပတ် ပဲခူးကို လေ့လာရေးခရီး ပျော်ပွဲစား ထွက်ကြတုန်းက လိုက်လာတဲ့ ဟိုဘူမိဗေဒက ကောင်ကလေး နဲ့ တို့ဆီက စမ်းစမ်းနဲ့ ကြိုက်သွားကြပလား"

သူတို့နှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပါသည်။ ပြီးမှ မိမူက မိဖြူဘက်သို့လှည့်ပြီး -

"ဆရာပြောတာ ဟုတ်တယ်ဟဲ့။ စမ်းစမ်းနဲ့ အဲဒီလူနဲ့ ကြည်သွားကြပြီတဲ့တော့။ ငါ့ကို နွဲ့နွဲ့က ပြောတယ်။ ဆရာက သိပ်မျက်စိရှင်တာပဲ"

"ငါက မျက်စိရှင်တာ မဟုတ်ပေါင်ဗျာ။ သူတို့က ငါ့မျက်စိအောက်မှာ လာပြီး ရှင်နေကြလို့သာ မြင်လိုက်ရတာပါ"

"ကဲ - ထားလိုက်ပါတော့ ဆရာရယ်။ သူတို့ချင်း ကြိုက်သွားကြတာနဲ့ ကျွန်မတို့ ထဘီဝယ်တာ ဘာများဆိုင်လို့ ဆရာက သွားပြီး သတိရတာလဲ။ ကျွန်မဖြင့် ဘာအဆက်အစပ်မှ ရှာမတွေ့ဘူး"

ကျွန်တော်က ရုတ်တရက် ဘာမှမပြောသေးဘဲ ခဏ ဆိုင်းထားလိုက်ပါသည်။ ကျွန်တော့်စကားကို သူတို့ စိတ်ဝင်စားအောင် ဖန်တီးနေခြင်း မဟုတ်ပါ။ ကျွန်တော် ကိုယ်တိုင်ကကိုပဲ ဘာကစပြီး ပြောလိုက်ရမှန်း မသိသောကြောင့် ဖြစ်ပါသည်။

"အခု ငါပြောမှာတွေကို ဘယ်သူမှ ပြန်မပြောပါနဲ့။ ဘာကြောင့်ရယ်တော့ မဟုတ်ပါဘူး။ နင်တို့ ဝမ်းထဲမှာပဲ ထားကြပါ"

ကျွန်တော်က လေသံခပ်အေးအေးနှင့် အစပျိုးလိုက်သောကြောင့် သူတို့နှစ်ယောက်လည်း တည်တည်ကလေးဖြစ်သွားကြပါသည်။

"ဒီလိုပါ၊ စမ်းစမ်းဟာ အဲဒီကောင်လေးကို အဲဒီနေ့ ရောက်မှပဲ တွေ့ဖူးတယ် ဆိုတာကတော့ သိသာပါတယ်။ ငါတို့အားလုံးရဲ့ မျက်စိအောက်မှာပဲ မဟုတ်လား . . .။ ကောင်လေးက စမ်းစမ်းကို စိတ်ဝင်စားယောင်ပြနေတာကိုလဲ သိသာပါတယ်။ စမ်းစမ်းကိုယ်တိုင်ကလဲ ကျေနပ်တဲ့ လက္ခဏာ

ကို တွေ့ကြရသားပဲ။ အဲဒီနောက်မှာတော့ အဆောင်တွေ ဘာတွေကို သွားပြီးလည်ကြမှာတွေ၊ စကားပြောကြမှာ တွေကို မှန်းလို့ ရနိုင်တာပေါ့။ ခုတော့ နင်တို့ ပြောကြတဲ့စကား ကြောင့် သူတို့ချင်း ကြိုက်သွားကြပြီလို့ ငါသိလိုက်ရပြီ။ သေချာ ပြန်ပြီးစဉ်းစားလိုက်ရင် စမ်းစမ်းဟာ ကောင်လေးရဲ့ စိတ်နေ စရိုက်၊ သူ့မိဘတွေရဲ့ စရိုက်တွေ၊ ဆွေမျိုးအသိုင်းအဝန်း ပတ်ဝန်းကျင်ဆိုတာတွေကို ဘာဆိုဘာမှ ကောင်းကောင်းသိဦး မှာ မဟုတ်သေးဘူး။

"နင်တို့မိန်းကလေးတွေဟာ တစ်ခါတလေ တော်တော့် ကို အံ့ဩဖို့ကောင်းတယ်။ အေးလေ . . . ယောကျ်ားလေးတွေ လဲ ဒီလိုပဲ ရှိမှာပါပဲ။ ထားပါတော့၊ အခုပြောနေတာက နင်တို့ ထဘီဝယ်တာနဲ့ ပတ်သက်ပြီး သတိရလာတာမို့ နင်တို့ မိန်းကလေးတွေအကြောင်းကိုပဲ ပြောလိုက်ပါတော့မယ်။ စမ်းစမ်းကြိုက်လိုက်ပုံ မြန်လွန်းတာကို သွားပြီး သတိရမိတာက ဒီလိုပါ"

မိဖြူက မိမူဘက်သို့ ရုတ်တရက်လှည့်ကြည့်လိုက်ပြီး-

"ဟုတ်တယ်နော်၊ သူတို့ ကြိုက်သွားလိုက်တာ သိပ်မြန် တာပဲ"

ကျွန်တော်က စကားကို ဆက်လိုက်ပါသည်။

"နင်တို့နှစ်ယောက် ခုနက ထဘီဝယ်တာမှာ ဇီဇာ ကြောင်တဲ့ ကိစ္စကြားလိုက်ရတော့ မိန်းကလေးတွေဟာ ကိုယ် တစ်သက်လုံးပေါင်းဖို့ ခင်ပွန်းလောင်းလျာအဖြစ် ရည်းစားရွေး

တဲ့အခါမှာ ထဘီရွေးသလောက်မှ ရွေးကြပါလေရဲ့လားလို့ အောက်မေ့လာမိတယ်။ နင်တို့ပဲ ပြောတယ် မဟုတ်လား။ ဒီ အဆင်နဲ့ ကိုယ်နဲ့ လိုက်မှ လိုက်ပါ့မလားဆိုတာကို တွက်ရသေး တယ်ဆို။ ရည်းစားရွေးတာကျတော့ သူ့စရိုက်နဲ့ ကိုယ့်စိတ်နေ သဘာဝ အဆင်ပြေနိုင်ပါ့မလားဆိုတာမျိုးကို စိတ်ရှည်လက် ရှည်မှ စဉ်းစားကြပါရဲ့လားဆိုတာမျိုးပေါ့။ ထဘီလေးတစ်ထည် ဝယ်လိုက်တာကျတော့ ကိုယ့်မှာရှိပြီးသား အင်္ကျီတွေ၊ လက်ကိုင် အိတ်ဆိုတာမျိုးတွေနဲ့ လိုက်မှလိုက်ပါရဲ့လားဆိုတာမျိုးကို တွေးတယ်။ ရည်းစားထားလိုက်တာကျတော့ သူနဲ့ ငါ့မိဘ ဆွေမျိုးအသိုင်းအဝန်းနဲ့ အဆင်ပြေနိုင်ပါ့မလား ဆိုတာမျိုးကို ထည့်ပြီး စိတ်ရှည်လက်ရှည် စဉ်းစားပါလေရဲ့လား ဆိုတာကို သွားပြီး တွေးလိုက်မိလို့ ပြောပြတာပါ"

သူတို့နှစ်ယောက်လုံး ခဏလောက် ငိုင်သွားကြပါသည်။ သူတို့လည်း စဉ်းစားနေကြပုံပေါ်ပါသည်။ အတော်လေးကြာမှ မိဖြူက သူ့သူငယ်ချင်း မိမူကို ပြောလိုက်ပုံမျိုး နှင့် "ဆရာပြော တာ ဟုတ်တယ်နော်" ဟု ပြောလိုက်ပါသည်။

"ကဲ . . . သွားတော့မယ်ဆရာ။ ဟောဒီမှာ ဆရာ့ အတွက် မြေပဲလှော်ထုပ်၊ ထဘီသင်ခန်းစာ အဲလေ - ဟို လင်ရွေးနည်း သင်ခန်းစာအတွက် ကန်တော့ကြေးပေါ့ ဆရာ။ ကျွန်မတို့ ရည်းစားထားရင်တော့ ထဘီရွေးသလိုကို သေချာ ရွေးပြီး ထားတော့မယ်။ အင်း . . . ဒါပေမဲ့ ခုထက်ထိ ရည်းစားစကားလိုက်ပြောမယ့်လူက မပေါ်လာသေးတာက

ခက်တယ်”

ကျွန်တော်တို့အားလုံး ရယ်လိုက်မိကြပြန်ပါသည်။

***

လွန်ခဲ့သော ၄-နှစ်ခန့်က မိဖြူကို ဆူးလေဘုရားလမ်းမကြီးတွင် တွေ့လိုက်ရပါသည်။ သူလည်း ခုတော့ဖြင့် ဝဝဖိုင့်ဖိုင့်နှင့် ဧရာမ မိန်းမကြီးတစ်ယောက် ဖြစ်နေပါပြီ။ သူ့ဘေးတွင်လည်း သူ့ ခင်ပွန်းဖြစ်ဟန်တူသော အမျိုးသားတစ်ယောက် ပါလာပါသည်။

ဧရာမမိန်းမကြီးဖြစ်နေသော မိဖြူသည် ကျွန်တော့်ကို တွေ့လိုက်ရသောအခါ တကယ့်ကျောင်းသူကလေးတစ်ယောက် လို မြူးမြူးရွှင်ရွှင် ပြန်ဖြစ်သွားလျက် ကျွန်တော့်လက်ကို ဆွဲကိုင်တဲ့ပြီး -

“ဝမ်းသာလိုက်တာ ဆရာရယ်။ ဆရာ့စာတွေကို ဖတ်ပြီး အလွမ်းဖြေနေရတာ၊ အဲဒါ ငါတို့ဆရာပဲလို့ ကြွားရတာလဲ အမော။ သူက ကျွန်မအမျိုးသားပေါ့၊ အဟဲဟဲ ဆရာပြော သလို ထဘီရွေးသလိုရွေးပြီးယူထားတဲ့ ယောကျ်ားလေ”

သူက ပြောပြီး ရယ်လိုက်ပါသေးသည်။ ကျွန်တော်က ပြောတုန်းကပြောခဲ့သော်လည်း ထိုအခါတွင် ရုတ်တရက် သတိမရမိပါ။ ထို့ကြောင့် ခပ်ကြောင်ကြောင် ဖြစ်နေသည်ကို ကြည့်လိုက်ရင်း မိဖြူက -

“ဟော - ဆရာကတော့ လုပ်ပြီ။ ကိုယ်ပြောခဲ့တာ ကိုယ် ပြန်မေ့နေပြန်ပြီ။ ကျွန်မနဲ့ မိမူနဲ့ စိန်ဌွန်းဈေးက ထဘီဝယ်ပြီး

ပြန်လာတော့ ဆရာပြောပြခဲ့တာလေ” ဟု အစချီပြီး ဇာတ်ကြောင်းလှန်လိုက်တော့မှ ပြန်လည်သတိရပြီး သူ့ခင်ပွန်းကို အားတုံ့အားနာ လှမ်းပြီး ကြည့်လိုက်မိပါသည်။ သူ့အမျိုးသားက သဘောကောင်းပုံ ရပါသည်။ ကျွန်တော် အားနာနေသည်ကို ရိပ်မိဟန်နှင့် -

“ဖြူက ဆရာ့အကြောင်းကို ခဏခဏပြောပါတယ် ဆရာ။ ကျွန်တော်ကိုယ်တိုင်ကလဲ ဆရာ့စာဖတ်ပရိသတ်ပါ။ ဆရာ့ဓာတ်ပုံ ဖြူ့ဆီမှာ မြင်ဖူးတယ်။ မဂ္ဂဇင်းတွေမှာလဲ တွေ့ဖူးတယ်။ အရင်နှစ်က ရန်ကုန်ကို ရောက်လာတော့လဲ ၂၇-လမ်းမှာလား မသိဘူး။ ဆရာ့စာပေဟောပြောပွဲကို တွေ့လို့ လာပြီး နားထောင်ခဲ့ပါသေးတယ်။ ဒါကြောင့် ဆရာ့ကို မြင်မြင်ချင်း မှတ်မိပါတယ်။

“အခုတောင် ဖြူက ဆရာ့ကို မြင်တာ မဟုတ်ပါဘူး။ ကျွန်တော်က မြင်လိုက်လို့ ‘ဟိုမှာ ဆရာ၊ ဆရာ’လို့ ကျွန်တော်က ပြရတာပါ။ ဆရာပြောလိုက်တဲ့ ထဘီသင်ခန်းစာကိုလဲ ဖြူက ပြန်ပြောဖူးလို့ ကျွန်တော် ကြားဖူးနေတာ ကြာလှပါပြီ။ ဒါပေမဲ့ ဆရာ့တပည့်မက ဆိုးတယ်ဆရာ။ သူ စိတ်တိုင်းကျတာ တစ်ခုခုကို တွေ့လိုက်ရင် ကျွန်တော့်ကို ချီးကျူးပုံက ‘ဒါမှ ဖြူတို့မောင်၊ ထဘီရွေးသလို ရထားတဲ့ ချစ်လင်’တဲ့။ ကျွန်တော့်မှာ ဝမ်းသာရမလိုလို၊ အောင့်ရမလိုလို ခံနေရတယ် ဆရာ။ အဲဒါနဲ့ သူ့ကို ပြောရတယ်။ ‘တို့နှစ်ယောက်ချင်းမှာသာ မင်းတို့ဆရာရဲ့ သင်ခန်းစာနဲ့ ချီးကျူးပါ။ လူကြားထဲတော့ဖြင့် မလုပ်လိုက်ပါနဲ့’

လို့ တောင်းပန်ထားရတယ်”


“လူကြားထဲမှာ ပြောပါ့မလား ဆရာရဲ့။ ဆရာ ဦးအောင်သင်း တပည့်ပဲ၊ ဒီလောက်တော့ မညံ့ပါဘူး။ ဟုတ်ဘူးလား ဆရာ”

မိဖြူ၏ ဟန်ပန်မှာ တကယ့်ကျောင်းသူကလေးဟန် ဖြစ်နေပါသည်။ သူ့ခင်ပွန်းကပင် ဆက်၍ -

“ပြောသာပြောရတယ် ဆရာရေ့။ ကျွန်တော်တို့ သမီးလေးတစ်ယောက် ရထားပြီးလို့ ကျောင်းတောင်သွားနေပြီ။ ဒီသမီးလေး ကြီးလာပြန်ရင်လဲ ဆရာ့ထဘီသင်ခန်းစာကို လက်ဆင့်ကမ်းရဦးမှာပဲ ဆရာရေ့”

ဪ . . . တစ်ခါတုန်းက တပည့်တွေ။

●



# နှလုံးသားပရိယာယ်

ကျွန်တော် ဘတ်စ်ကားပေါ်မှ ဆင်းလိုက်တော့မှ လှလှထွေးလည်း သည်ကားနှင့်ပင် ပါလာကြောင်း သတိပြုလိုက်မိသည်။ ကားတစ်စင်းလုံးမှာ ကျောင်းသား၊ ကျောင်းသူတွေနှင့် ပြည့်ညပ်ကျပ်သိပ်နေသောကြောင့် သူပါလာသည်ကို ကျွန်တော် မမြင်လိုက်မိနိုင်ခြင်း ဖြစ်သည်။ ကျွန်တော် ဆင်းလိုက်တော့ သူက ရှေ့က ဆင်းသွားနှင့်ပြီ ဖြစ်နေသည်။ သူသည် အမရဆောင် ရှေ့တံခါးဆီသို့ ခပ်သွက်သွက်လေး လျှောက်သွားသည်။ ကျွန်တော်လည်း တောင်ငူဆောင်သို့ သွားမည်ဖြစ်သည့်အတိုင်း သူ့နည်းတူ အမရဆောင်တံခါးဆီသို့ လိုက်လာခဲ့သည်။ တံခါးဝတွင် သူ့ကို စောင့်ကြိုနေဟန်ရှိသောကောင်လေးတစ်ယောက်နှင့်အတူ တွဲပြီး ရယ်ကာမောကာ

စကားပြောရင်း မန္တလေးဆောင်ဘက်ဆီသို့ ထွက်သွားကြသည်။

သူတို့ကိုကြည့်ရင်း ကျွန်တော့်စိတ်ထဲတွင် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်သွားသယောင် ခံစားမိလိုက်သည်။

* * *

လှလှထွေးကို ရုပ်ရည်ချောမောလှသည်ဟု ပြောလို့မရ။ သို့သော် ရုပ်ဆိုးသည်ဟုလည်း မဆိုသာ။ ကိုယ်ပေါက်ကိုယ်ရောက်တော့ဖြင့် အတော်လေးကို လှသည်။ အသားလတ်ဟု ဆိုနိုင်သော်လည်း အညိုဘက်သို့ နည်းနည်းလုသည်ဟု ထင်သည်။ နှာတံ ပေါ်သည်။ မျက်လုံး သင့်ရုံလှသည်။ ညာဘက်ပါးပေါ်တွင် လက်မဝက်ခန့် ကန့်လန့်ဖြတ် အမာရွတ်တစ်ခုမှာ အတော်ပင် ထင်ရှားသည်။ သို့သော် သူ့ရုပ်ဆင်းကို ဖျက်စီးလောက်အောင် မဟုတ်။ သူနှင့် စကားပြောလိုက်လျှင် ထိုအမာရွတ်ကိုပင် အမှတ်မထင် နှစ်သက်စွာ သတိပြုမိနေတတ်သောကြောင့် အမာရွတ်ကပင် အလှဆောင်နေသလားဟု အောက်မေ့ဖွယ် ဖြစ်သည်။ စကားပြောလိုက်လျှင် ပြုံးကာရယ်ကာ ပြောတတ်သည့်ပြင် ရယ်လိုက်လျှင်လည်း အားရပါးရ 'အပြည့်' ရယ်တတ်သောကြောင့် ထိုအမာရွတ်ကိုပါ နှစ်သက်စိတ်ဝင်လာမိခြင်း ဖြစ်ကောင်းဖြစ်လိမ့်မည်။ သူသည် အတန်းထဲတွင် လူချစ်လူခင်များသူတစ်ယောက် ဖြစ်သည်။

ထို လှလှထွေးအတွက် စိတ်လေးလံထိုင်းမှိုင်းသွားလိုက်ရပုံကို ပြောရပါတော့မည်။

လှလှထွေးတွင် အမြဲလိုလို တွဲနေခဲ့သော ချစ်သူတစ်ဦး ရှိခဲ့ဖူးသည်။ ယခုကောင်လေး မဟုတ်။ အခြားကောင်လေး တစ်ယောက် ဖြစ်သည်။ တက္ကသိုလ်တွင် မိမိချစ်သူနှင့် တတွဲတွဲ နေတတ်ကြသည်မှာ အဆန်းမဟုတ်။ မသိချင်၍ မရ၊ မမြင်ချင်၍ မရ။ ထို့ကြောင့် အများသူငါ သိနည်းမျိုးဖြင့်သာ ကျွန်တော်လည်း သိနေခဲ့ခြင်း ဖြစ်သည်။

သို့သော် မကြာသေးမီကတော့ဖြင့် အဲသည်ကောင်ကလေးက လှလှထွေးကို (သူတို့စကားနှင့် ဆိုရလျှင်) 'ကန်' သွားသည်ဟု သိလိုက်ရသည်။ ဤသည်မှာလည်း တက္ကသိုလ်ချစ်သူတို့ လောကတွင် ဆန်းလှသည် မဟုတ်။ လောကဓမ္မတာ အရ ဆန်းလှသည် မဟုတ်သော်လည်း သက်ဆိုင်ရာ ကာယကံရှင်အဖို့မှာကား ရောမကြောက်စရာလောကဓံကြီး ဖြစ်နေတတ်သည်မှာလည်း သဘာဝပင် ဖြစ်သည်။

လှလှထွေးအဖို့တော့ 'ဘဝလျှင်' ဟု ဆိုရလောက်အောင်ပင် ပြင်းထန်သော လောကဓံကြီး ဖြစ်နေရှာပေလိမ့်မည်။ ဖြစ်လည်း ဖြစ်လောက်ပါပေသည်။ အဲသည် 'ဘူမိဗေဒ' က ဆိုသည့် ကောင်ကလေးနှင့် ရည်ငံခဲ့ကြသည်မှာ ဒုတိယနှစ်အစပိုင်းလောက်ကစပြီး ယခု နောက်ဆုံးနှစ်အစပိုင်းတိုင်အောင် ဖြစ်သည်။ တက္ကသိုလ်ပညာသင်နှစ်အရဆိုလျှင် အတော်ကြီးကို သက်တမ်းရှည်ကြာခဲ့ပြီဟု ဆိုရမည်ပေါ့။ ယခုလောက်ရှိခါမှ ဖောက်သွားသည်ဆိုတော့ လှလှထွေးခမျာ ကြေကွဲခြင်း၊ ခံပြင်းခြင်း၊ ရှက်ခြင်း၊ နာကြည်းခြင်း စသည်တို့ဖြင့်

တလူးလူး တလိမ့်လိမ့် အိပ်လို့မပျော်နိုင်လောက်အောင် ခံစားရပေလိမ့်မည်။

လှလှထွေး ကျောင်းတက်မပျက်သည်မှာတော့ အမှန်ဖြစ်သည်။ သို့သော်လည်း ခက်သည်က ကျောင်းမတက်ချင်ပါဘူးဆိုလျှင် ဘာကြောင့်လဲဆိုသည်ကို မိဘအုပ်ထိန်းသူများက မေးတော့မည်။ သူ ဘယ်လိုပြန်ဖြေမည်နည်း။ ထို့ပြင် ပတ်ဝန်းကျင်က ရှိသေးသည်။ 'အပူရုပ်နှင့် လူလုပ်ပြ' ရပေဦးမည် မဟုတ်လား။ ချစ်သူစွန့်ပစ်သွားသည့်အတွက်လည်း ရှက်မိသည်။ ဆွေးကျန်ရစ်ခဲ့ရပြီဟု ပတ်ဝန်းကျင်က မေးငေါ့မည်ကို တွေးလိုက်ရပြန်တော့လည်း ရှက်လိုက်မိပြန်သေးသည်။ သည်တော့ ဘာပဲဖြစ်ဖြစ် ကျောင်းကိုတော့ (စိတ်တင်းပြီး) မှန်မှန်ကြီး တက်နေသည်။

ကျွန်တော်လည်း လှလှထွေးဇာတ်လမ်းကို ကြားမိလိုက်ပါသည်။ သို့သော် မဆန်းတော့သည့် ဇာတ်လမ်းတစ်ပုဒ်လိုပင် သဘောထားလိုက်သည်။ သည်လိုပါပဲ။ ခဏကြာတော့ အချိန်က ကုစားသွားမည်သာ ဖြစ်သည်။

သို့သော် ယခုတော့ဖြင့် အချိန်က ကုစားခြင်း မဟုတ်ဘဲ 'ဆေးအတု' နှင့် တိုးသွားလေမည်လားဟု စိုးရိမ်မိသွားသည်။

ချစ်သူစွန့်ပစ်သွားပြီးလို့ တစ်လလောက်အတွင်းမှာပင် နောက် ကောင်လေးတစ်ယောက်နှင့် တွဲနေပြန်သည်။ ဒါကိုတော့ ကျွန်တော်ကိုယ်တိုင် သတိပြုမိနေသည်။ ထို့ပြင် သူ့သူငယ်ချင်း များထံမှ ကြားရသလောက်ဆိုလျှင် သည်ကောင်လေး

လှလှထွေးကို လိုက်ပြီး ချဉ်းကပ်နေသည်။ လှလှထွေးကလည်း ပြန်ပြီး ချစ်သည်၊ ကြိုက်သည်ရယ်လို့တော့ မဟုတ်။ လိုလို လားလားပင် လက်ခံစကားပြောသည်။ စားသောက်ဆိုင် ဘာဘာညာညာ စသည်ကလေးများမှာတော့ အတူထိုင်ဖြစ် သည်။ သည်မျှလောက်ပါပဲ။ သည်ထက်တော့ ဘာမျှမပို။

ကျွန်တော်နှင့် ရင်းရင်းနှီးနှီးဆက်ဆံကြသော ကျောင်း သူ၊ ကျောင်းသား အတော်များများရှိပါသည်။ သို့သော် ထို စာရင်းတွင် လှလှထွေး မပါ။ မပါသောကြောင့် ကျွန်တော်နှင့် အနေစိမ်းသည်ဟုလည်း မဆိုသာပြန်။ သူကိုယ်တိုင်က အားလုံးနှင့် ဖော်ရွေပျူငှာနေတတ်သောကြောင့် ကျွန်တော်နှင့် အမှတ်မထင် တွေ့ဆုံကြုံကြိုက်မိလျှင် သူနှုတ်ဆက်ပုံမှာ ဆရာ တစ်ယောက်မို့ ရိုသေစွာ နှုတ်ဆက်သည့်ပုံမျိုးမျှသာ မဟုတ်၊ ရင်းနှီးခင်မင်သည့်အသွင်ကို ဆောင်နေလေ့ရှိကြောင်း သတိ ပြုမိသည်။

ထို့ကြောင့်လည်း ကျွန်တော်၏ 'တစ်ခါတုန်းက တပည့် တွေ'တွင် လှလှထွေးတစ်ယောက် စာရင်းပေါက်လာရခြင်း ဖြစ်သည်။

* * *

"လှလှထွေး၊ နင်-ဒီနေ့ ဘယ်အချိန်အားသလဲ"

လှလှထွေး ကျွန်တော့်ကို ခပ်ကြောင်ကြောင်ကလေး မော့ကြည့်နေသည်။ ထို့ကြောင့် ကျွန်တော်ကပင် ဆက်၍ -

"နင် ကန်တော်ကလေးဘက်မှာ နေတယ်မဟုတ်လား။ နင့်ကို ခိုင်းချင်တာလေးတစ်ခု ရှိနေလို့ပါ"

"ကျွန်မ တစ်နာရီကလပ်စ်ပြီးရင် ပြီးပြီဆရာ"

"အေး - ဒါဖြင့် အဲဒီကလပ်ပြီးရင်တော့ ငါ့ဆီ ခဏ တက်လာခဲ့စမ်း"

"ဟုတ်ကဲ့ ဆရာ"

ထိုအချိန်တွင် စာသင်ခန်းမှ စုပြုံထွက်နေကြသော ကျောင်းသားများလည်း ရှင်းသွားသည်နှင့် -

"နင်တစ်ယောက်တည်းပဲ လာစေချင်တယ်။ ပြောရမှာ ခိုင်းရမှာက အရေးကြီးတဲ့ ကိစ္စလေးတစ်ခု ဖြစ်နေလို့ပါ"

"ဟုတ်ကဲ့ ဆရာ"

လှလှထွေးကိုသာ အခန်းကိုလာခဲ့ဟု မှာထားခဲ့သည်။ လာလျှင် ဘယ်လိုစပြီး ဘာပြောရမည်ကို အတော်လေး အတွေး စဉ်ယူရသည်။

သူပြောသည့်အတိုင်းပင် နှစ်နာရီထိုးတော့ လှလှထွေး ရောက်လာသည်။ တစ်ယောက်တည်းပါပဲ။ ကျွန်တော့်အခန်း ကို ဝင်နေထွက်နေကျ ကျောင်းသူ မဟုတ်သောကြောင့် အခန်းဝတွင် ခပ်ရှိန့ရှိန့ကလေး ရပ်နေပြီး နောက်မှ -

"ဆရာ . . . ကျွန်မ ဝင်ခဲ့တော့မယ်နော်"

"အေး - အေး ဝင်ခဲ့။ ထိုင်ထိုင်"

ထိုအခါတွင်မှ သူ့ကို သတိထားပြီး ကြည့်လိုက်မိသည်။ လှလှထွေးမှာ သွက်လက်ဖော်ရွှေသောအသွင်အပြင် ရှိသည်

သာမက ရည်မွန်မှုလည်း ပေါင်းစပ်နေသည်။ ရည်မွန်မှုဆိုသည်မှာ မိဘတို့၏ ရောင်ပြန်အရည်အသွေးပင် ဖြစ်နေတတ်သည်။

ကျွန်တော် အနည်းငယ် ပြုံးလိုက်ပြီးနောက် -

"အင်း . . . ငါ့မလဲ နင့်ကိုသာ မှာလိုက်ရတယ်။ တကယ်ပြောမယ်ဆိုတော့ ဘာကစပြီး ပြောရမှန်းတောင် မသိပါဘူးဟယ်။ ကဲလေ . . . ထားလိုက်ပါတော့။ ဒီလို - ညည်းဟာအတန်းထဲမှာ လူချစ်လူခင် အင်မတန်များတယ်။ ဖော်ဖော်ရွေရွေ နေတတ်တယ်။ အဲဒီအပြင် အလွန်ရည်မွန်တဲ့ မိဘတွေနဲ့ အုပ်ထိန်းသူတွေနဲ့ ကြီးပြင်းရတယ်ဆိုတာ အလွန်သိသာပါတယ်"

လှလှထွေးက မျက်မှောင်ကလေး အနည်းငယ်တွန့်သယောင်နှင့် ကျွန်တော် ဘာပြောမည်ကို အသိခက်စွာ နားထောင်နေသည်။

"ညည်းဟာ ငါနဲ့ မရင်းနှီးပါဘူး။ ဆိုလိုတာကကွယ် ငွေးငွေးမြင့်တို့ မသူဇာတို့လို ငါနဲ့ တရင်းတနှီး ဆက်ဆံခဲ့တာမျိုး မရှိဖူးဘူး။ သို့ပေမယ့် တခြားကျောင်းသူကျောင်းသားတွေ ညည်းကို ခင်မင်ကြသလို ငါလဲ စိတ်ထဲက ညည်းကို ခင်ခင်မင်မင် ရှိနေခဲ့တယ်။ ဒါ့ကြောင့်လဲ စကားလေးတစ်ခွန်းကို ပြောချင်လို့ ခေါ်လိုက်ရတာပါပဲ"

လှလှထွေးက ဘာကိုမျှ ပြန်မပြောဘဲ ငြိမ်ပြီး နားထောင် နေသည်။ ကျွန်တော်ကလည်း နားထောင်ဖို့သက်သက်

ကိုသာ အလိုရှိပါသည်။

"အခု ငါပြောမယ့် စကားဟာ ညည်း လုံးဝမထင်မှတ်တဲ့စကားမျိုး ဖြစ်လို့ အံ့အားသင့်ချင်ရင်လဲ သင့်နိုင်ပါတယ်။ ဒါပေမဲ့ စကားလိပ်ပတ်လည်သည်အထိ နားထောင်ပြီးမှ ပြောချင်တာရှိရင် ပြန်ပြောပါ။ စကားဆိုလိုချက်ဆုံးသည် အထိကိုတော့ နားထောင်လိုက်ဦး၊ ဟုတ်လား"

သူ့မျက်နှာကလေး တည်သွားသည်။ ဘာကိုမျှတော့ ပြန်မပြော။ ကျွန်တော့်စကားကို နားထောင်နေပါမည်ဟူသော လက္ခဏာကိုတော့ ပြပါသည်။

"ကဲကွယ် - လိုရင်းကိုပဲ ပြောလိုက်ကြရအောင်။ မင်းတို့လဲ ကိုယ့်ဆရာအကြောင်း သိနေကြပြီး ဖြစ်ပါတယ်။ ငါ့စိတ်နေသဘောထားကို နားလည်နေကြသားပဲ။ အထူးသဖြင့် ဝတ္ထုသဘောတရား၊ ဇာတ်ကောင်စရိုက်တွေကို သုံးသပ်ပြနေတတ်တဲ့ ဆရာမို့ ပိုလို့တောင် သိနေကြပါလိမ့်မယ်။ ညည်းမှာ ချစ်သူတစ်ယောက် ရှိခဲ့တယ်။ ကာလအတန်ကြာ တတွဲတွဲရှိနေခဲ့တယ်။ ငါတို့လဲ အမြင်ပါပဲ။ အဲဒီကလေးနဲ့ အဆင်မပြေဖြစ်ကြတယ်။ သူ့ဘက်က ဖောက်သွားတယ် ဆိုတာကိုလဲ ဆရာကြားပါတယ်။ ကျောင်းသူ၊ ကျောင်းသားလောကမှာ ဖြစ်တတ်တာလေးတွေမို့ ဆရာ့အဖို့ တယ်ပြီး မဆန်းလှပါဘူး။ ညည်း ဘယ်လိုခံစားရမယ်ဆိုတာကိုလဲ ဆရာ မှန်းနိုင်ပါတယ်။ အဲဒါလဲ ဆရာ့အဖို့မှာ အဆန်းကြီးလို့ မထင်မိပါဘူး။ သို့ပေမယ့် မကြာသေးမီကတော့ အခြားကောင်လေးတစ်ယောက်နဲ့ ညည်း

တွဲတွဲနေတာကို ငါ သတိထားလိုက်မိတယ်”

လှလှထွေးက ရုတ်တရက် တစ်ခုခု ပြောလိုက်တော့မလို ဟန်ပြင်လိုက်သည်။ ကျွန်တော်က လက်ပြ၍ ဟန့်လိုက်ပြီး -

“ငါက ညည်းကို ဘာမှ မှတ်ချက်မပေးသေးပါဘူး။ ညည်းနဲ့ အဲဒီကလေးကို သို့လောသို့လော ပြောချင်တာမဟုတ်ဘူး။ ဒါပေမဲ့ တစ်ခုတော့ ပြောချင်တာရှိတယ်။ ဒီကလေးဟာ ညည်းကို ချဉ်းကပ်နေပြီဆိုတာ မှန်းလို့ရပါတယ်။ နောက်ပြီး မှန်းချက်မျှသာမဟုတ်ဘဲ တကယ်ချဉ်းကပ်နေတယ်ဆိုတာကို ငါ သိပြီးပါပြီ။ ပတ်ဝန်းကျင်က ကျဉ်းကျဉ်းကလေးကွယ့်”

လှလှထွေး ဘာကိုမျှ ပြန်မပြောတော့ဘဲ သူ့ရှေ့တွင် ချထားသော စာအုပ်ကိုသာလျှင် လက်သည်းကလေးနှင့် ခြစ်ယောင်ပြုကာ နားထောင်နေသည်။

“တက္ကသိုလ်ကို ရောက်လာကြတဲ့ ကျောင်းသားကျောင်းသူဟူသမျှ အားလုံး အရွယ်ရောက်ကြပြီ ဖြစ်တဲ့ပြင် ကိုယ်ပိုင်ဉာဏ်နဲ့လဲ ချင့်ချိန်နိုင်ကြပြီမို့ ဒီလိုရေးရာ ကိစ္စတွေမှာ ဆရာတွေက ဘာမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုကြဘူး။ ကိုယ်ရေးကိုယ်တာ မဟုတ်လား။ ဒါကြောင့် ငါ့မှာလဲ လှလှထွေးကို ဒီအကြောင်းတွေပြောဖို့ အတော်ကြီး ချင့်ချိန်ခဲ့ရပါတယ်။ မတော်တဆ လှလှထွေးက ဆရာနဲ့ ဘာဆိုင်လို့လဲလို့များ ပြန်ပြောလိုက်ရင် . . .”

လှလှထွေး တစ်စုံတစ်ခုကို ပြောလိုက်တော့မလို ပါးစပ်ပြင်လိုက်သည်။ သို့သော် ကျွန်တော်ကပင် ဆက်၍ -

"အေးပါ ဆရာသိပါတယ်။ လှလှထွေး အဲဒီလောက် ထိအောင် သဘောထား မရှိင်းဘူးဆိုတာ သိပြီးသားပါ။ ဒါ့ကြောင့်လဲ ဒီလိုပြောဝံ့တာပေါ့"

လှလှထွေး ပြန်ပြီး ငြိမ်သွားသည်။

"ချစ်သူတစ်ယောက် စွန့်ပစ်မှု ခံလိုက်ရတဲ့ မိန်းကလေး ဆိုတာမျိုးဟာ လောကမှာ ဒုနဲ့ဒေးလို့ ဆိုရလောက်အောင် ရှိပါ တယ်။ ဒါ့ကြောင့် ဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး"

ကျွန်တော် လှလှထွေးကို မကြည့်တော့ပါ။ ပြတင်း ပေါက်ဆီကို ငေးကြည့်ရင်း ကိုယ်တစ်ယောက်တည်း ညည်းတွား ရေရွတ်နေဘိသကဲ့သို့ ညင်ညင်သာသာ ပြောနေမိပါသည်။

"ဟုတ်တယ်၊ မိန်းကလေးတစ်ယောက်ကို သူ့ချစ်သူက သစ္စာဖောက်သွားတာ၊ စွန့်ပစ်သွားတာဟာ လောကကြီးမှာ ဘာမှမဆန်းဘူး။ လောကကြီးမှာသာ မဆန်းတာကိုး။ သက် ဆိုင်ရာ အစွန့်ပစ်ခံလိုက်ရတဲ့ ကာယကံရှင်အဖို့မှာတော့ဖြင့် နှလုံးသားမှာ ငလျင်ကြီး လှုပ်သွားတာ။ ပွဲတင်ဟီးနေတဲ့ ငလျင် ကြီး လှုပ်သွားတာ။ အဲဒီ ပွဲတင်ဟီးသံကို ဘယ်သူမှ မကြားရ ဘူး။ အဲဒီငလျင် ပြင်းထန်ပုံကို တခြားဘယ်သူမှ မသိလိုက် ဘူး။ ဒါပေမဲ့ ကာယကံရှင်အဖို့မှာတော့ နားကို ပိတ်ထားလို့ လဲမရ၊ ကြားနေရတယ်။ ထိန်းလို့မရအောင် တုန်လှုပ် ချောက်ခြားနေရတယ်။ ပတ်ဝန်းကျင်က ပွဲတင်ဟီးနေတာကို သာ မကြားရတာ မဟုတ်ဘူး၊ အဲဒီမိန်းကလေးငယ်ရဲ့ ရင်ထဲက အော်ဟစ်ငိုကြွေးနေတာကိုလဲ ဘယ်မှာကြားနိုင်ပါ့မလဲ။

သူတို့ကသာ မကြားနိုင်တာ၊ ဟိုခမျာမှာတော့ ကမ္ဘာပျက်ခမန်း အော်ဟစ်ပြီး ငိုနေမိတာ။ အိပ်လို့ မပျော်တဲ့ ညတွေ၊ ကျလိုက်ရတဲ့ မျက်ရည်တွေကို ဘယ်သူသိနိုင်မှာလဲ။

"နှလုံးသား အထာပျက်သလောက်နီးနီးကို ဖြစ်သွားတာ။ လောကကြီးတစ်ခုလုံးကို ယုံကြည်ခြင်း ကင်းသလောက်ဖြစ်သွားတာ၊ စိတ်ထဲမှာ ဝမ်းနည်းတာ၊ ကြေကွဲတာ၊ နာကြည်းတာ၊ ရှက်တာ၊ ခံပြင်းတာဆိုတဲ့ ခံစားမှုတွေဟာ တစ်ပြိုင်နက်လုံးပြီး တက်လိုက်တာ ရင်တစ်ခုလုံး မခံမရပ်နိုင်လောက်အောင် ဖြစ်မိတတ်ကြတာ"

လှလှထွေးကို လှမ်းကြည့်လိုက်တော့ မေးကြောကလေးထောင်လာလုအောင် အံကလေးခဲထားသည်ကို တွေ့လိုက်ရသည်။ ကျွန်တော့်ကိုတော့ မော့မကြည့်။ သို့သော် မျက်ရည်မလည်မိအောင်တော့ အတော်ကြီးထိန်းထားဟန်တူသည်။

"ဒါတွေကို ဆရာပြောနေတာက ဖြစ်ပြီးသားကို အစပြန်ဖော်နေတာ မဟုတ်ပါဘူး။ လှလှထွေး ဘယ်လိုခံစားရမယ်ဆိုတာကို ဆရာနားလည်ပါတယ်လို့ ပြောပြချင်လို့ပါ။ သို့ပေမယ့် ခက်တာက ဒီလိုအဖြစ်မျိုးကို ကြုံတာကြောင့် ဘယ်သူ့မျက်ခွက်ကိုမှ ရင်မဆိုင်ချင်တော့ဘဲ တစ်ယောက်တည်း နေလိုက်ချင်ပေမယ့် မိဘပတ်ဝန်းကျင်၊ အပေါင်းအသင်းပတ်ဝန်းကျင်၊ ကိုယ့်ဘဝရှေ့ရေးဆိုတာတွေကလဲ ရှိလာပြန်သေးတယ်။ သားသမီးတို့ တာဝန်ဆိုတာမျိုးကလဲ ရှိလာပြန်သေးတယ်။ ဒီတော့ 'အပူရုပ်နဲ့ အမူလုပ်' ပြီး ကိုယ်

လုပ်စရာရှိတာတွေလုပ်၊ သွားစရာ၊ လာစရာရှိတာတွေကို သွားရလာရပြန်တာပဲ။ သွားလာလုပ်ကိုင်နေပေမယ့်လဲ စားလဲဒီစိတ်၊ သွားလဲဒီစိတ် အစစပေါ့လေ။ ကျောင်းကို သွားတော့မယ်လို့ အဝတ်အစား ရွေးလိုက်ပြန်ရင်လဲ ဒီအကျႌ၊ ဒီအဆင်ကလေးနဲ့ ကြည့်လို့ကောင်းလိုက်တာလို့ သူပြောခဲ့ဖူးတာက ပေါ်လာပြန်ပြီ။ ဆောက်တည်မရ ဆိုတာမျိုးပေါ့"

လှလှထွေးက ကျွန်တော့်ကို တစ်ချက်မော့ကြည့်လိုက်သည်။ သူ့ကြည့်ပုံက နွမ်းနွမ်းလျှလျှ ရှိလှသည်။ 'ဟုတ်တယ်နော် ဆရာ' ဟု ပြောနေသလိုလည်း ရှိသည်။

"ကဲ -ဆရာပြောချင်တဲ့နေရာကို ရောက်လာပြီ။ ဒီအချိန်မှာ အထူးသဖြင့် ကြေကွဲမှု ဆည်တံ့နိုင်စကာလလေးမှာ နှလုံးသားက ဟာလာတယ်။ တွယ်တာစရာ တစ်ခုခုကို တောင့်တလာတတ်တယ်။ နေရထိုင်ရ ခြောက်ကပ်ကပ်ဖြစ်နေသလို ခံစားမိလာတတ်တယ်။ လက်ပွေ့အိတ်ကလေးကို ကိုင်ပြီး သွားနေလာနေကျ ဖြစ်လာတာ အချိန်ကြာလာတော့ လက်ပွေ့အိတ်မပါရင် လက်က ယောင်နနဖြစ်နေသလိုမျိုးပေါ့။ မိန်းကလေးတွေအဖို့ ဒီအချိန်မျိုးမှာ နောက်တစ်ယောက်က ချဉ်းကပ်လာလိုက်ရင် နှလုံးသားကွက်လပ်ကို ဖြည့်လိုက်သလိုမျိုး ယောင်ယမ်းလက်ခံမိလိုက်တတ်ကြတယ်။ တစ်ခါတစ်ရံကျပြန်တော့လဲ မခံချင်စိတ်နဲ့ နောက်တစ်ယောက်တွဲပြလိုက်ချင်တာမျိုးလဲ ဖြစ်သွားတတ်တာ ရှိတယ်"

လှလှထွေး တစ်ခုခု ပြောလိုက်ဦးမလို လုပ်ပြီးမှ သူ

ပြောမည့်စကားကို ပြန်ပြီး မျိုချလိုက်သလို ငြိမ်သွားပြန်သည်။ ကျွန်တော်က -

"လှလှထွေးကတော့ ဒီသဘောမျိုး မဟုတ်ဘူးဆိုတာကို ဆရာ သိပါတယ်။ အလွန်ဆုံးဖြစ်နိုင်ရင် စိတ်ထဲက ဆောက်တည်ရာရှာနေတဲ့ သဘောမျိုးလောက်သာ ဖြစ်နိုင်မှာပါ။ ဘာပဲဖြစ်ဖြစ်ပေ့ါလေ ဆရာ့စကားရဲ့ အရေးကြီးဆုံးကဏ္ဍကို ရောက်ပါပြီ။ ဒီလိုသွေးပူနေတုန်းမှာ ရွေးချယ်ဆုံးဖြတ်လိုက်မှုမျိုးဟာ မှန်မှန်ကန်ကန်ဖြစ်နိုင်ဖို့ အတော်လေးခဲယဉ်းပါတယ်။ အဲဒီမှာလဲ နှစ်ပိုင်းကွဲလာပြန်တယ်။ ပထမ ကိုယ့်ဘက်က တကယ်ချစ်တာ ဟုတ်ရဲ့လားဆိုတဲ့ အချက်ပဲ။ တကယ့်ကို ချစ်တာလဲ ဖြစ်နိုင်တယ်။ နှလုံးသား ပရိယာယ်ဆင်လာတာလဲ ဖြစ်နိုင်တယ်။ နောက်တစ်ချက်က ကိုယ့်ကို ကမ်းလှမ်းလာတဲ့ သူကိုယ်တိုင်ကကော ကိုယ့်ကို တကယ်ချစ်တာလား . . . သို့မဟုတ် လက်တည့်စမ်း အပျော်တမ်းလား။ လက်တည့်စမ်းတာ မဟုတ်ပါဘူး၊ တကယ့်ကိုချစ်မြတ်နိုးတာကြောင့် ကမ်းလှမ်းလာတာပါဆိုရင်တောင် သူဟာ တကယ့်ကို ချစ်ခင်အားကိုးထိုက်သူတစ်ယောက် ဟုတ်ပါရဲ့လားဆိုတာကိုလဲ ထည့်ပြီးစဉ်းစားရဦးမယ် မဟုတ်လား။ ဒီတော့ ဒီအချိန်မျိုးမှာ ကိုယ့်ကိုယ်ကိုလဲ ပြန်ပြီး သေချာစစ်ဆေးရမှာပဲ။ တစ်ဖက်သားကိုလဲ သေချာစစ်ဆေးရမှာပဲ"

အခုတော့ဖြင့် လှလှထွေး၏ မျက်နှာမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းဆိုတာမျိုး မဟုတ်တော့ဘဲ အလေးအနက်ချင့်ချိန်

စဉ်းစားနေသည့်ဟန်မျိုး ဖြစ်လာပါသည်။ သင်္ချာတစ်ပုဒ်၊ ပြဿနာတစ်ရပ်ကို လိုက်လံစဉ်းစားနေသည့် မျက်နှာမျိုး ဖြစ်လာသည်။ ဆရာ သင်ပြနေသော သင်ခန်းစာတစ်ခုကို သေချာ နားလည်အောင် လိုက်လံမှတ်သားနေသော ကျောင်းသူ တစ်ယောက်အသွင်ကို ဆောင်လာပါသည်။

"သွေးပူတုန်းမှာ ရုတ်တရက် သွေးအေးအေး ပြောင်းပြီး စဉ်းစားဖို့ ဆိုတာမျိုးက အပြောသာ လွယ်တာ၊ တကယ်လက်တွေ့လုပ်ဖို့ကျတော့ အခက်သားကလား။ ဒီတော့ ရုတ်တရက် သေရေးရှင်ရေးဆိုတာမျိုးမဟုတ်ရင် ခပ်ဖြည်းဖြည်း ဆိုင်းပြီး စဉ်းစားတာဟာ အကောင်းဆုံးပဲ"

ဒီတစ်ခါ လှလှထွေးကို လှမ်းကြည့်လိုက်တော့ သူကြည့်နေပုံမှာ ကျွန်တော် ဆက်ပြီးပြောမည့်စကားကို သိလိုသော ကြောင့် စောင့်နေသည့်ဟန်မျိုး ဖြစ်လာပါသည်။

"ဒီတော့ ဆရာ့အနေနဲ့ အကြံဉာဏ်ပေးချင်တာက တကယ်လို့ သူ့ရဲ့ကမ်းလှမ်းမှုကို မတုံ့ပြန်ရသေးဘူးဆိုရင် သူ့ကို လက်မခံရသေးဘူးဆိုရင် . . ."

လှလှထွေးက မသိမသာခေါင်းကလေးကို ရမ်းပြလိုက် ယောင် ပြုပါသည်။

"ဟုတ်ပါတယ်။ လှလှထွေး လက်မခံရသေးပါဘူး။ ဆရာ ကြားပြီးပါပြီ။ ဒါ့ကြောင့်လဲ ဒီစကားမျိုး ခေါ်ပြီး ပြောနေ တာပေါ့။ ဒီတော့ လက်မခံရသေးဘူးဆိုရင် သုံးလလောက် ဆိုင်းထားလိုက်ပါ။ သေရေးရှင်ရေး မဟုတ်ပါဘူး။ အချိန်

နှောင်းသွားတာမျိုး၊ အခါလွန်သွားတာမျိုး မဖြစ်နိုင်ပါဘူး။ တစ်ခု သတိပေးလိုက်ဦးမယ်။ ဆရာက လှလှထွေးကို တားမြစ်နေတာ မဟုတ်ဘူးနော်။ ဟိုကလေးကို ဆရာမသိပါဘူး။ သူ့အကြောင်းကိုလဲ မသိပါဘူး။ မင်းတို့ရေးရာမှာ ဆရာဝင်ပြီး စွက်ဖက်တာ မဟုတ်ဘူးနော်"

"ကျွန်မ နားလည်ပါတယ် ဆရာ။ ဆရာက ကျွန်မကို ဒီလောက်သတိပြုမိနေတာတောင် ဝမ်းသာလှပါပြီ"

"အိမ်ထောင်ပြုတယ်ဆိုတာ ကိုယ့်ဘဝအတွက် လမ်းခင်းကြတာပဲ။ ချစ်သူဆိုတာမျိုးက မိဘမှ မဟုတ်ပဲကိုး။ ဒီတော့ လမ်းအသစ်ခင်းတာမျိုး ဖြစ်နေတယ်။ တစ်ဖက်သားက သစ္စာမခိုင်ပြန်တော့ ဝမ်းနည်းငိုကြွေးနေရုံနဲ့ ပြီးတာမှ မဟုတ်ပဲ။ တစ်လမ်းပြောင်းပြီး ဖောက်ရင်ဖောက်၊ မဖောက်ချင်လဲ ဒီအတိုင်းနေလိုက်ရုံပဲပေါ့။ အခု ညည်းပြဿနာမှာတော့ လမ်းသစ်အတွက် မြေစမ်းပြီးဖို့နေတာမျိုး ဖြစ်နေတယ်။ အဲဒီမြေကို အသားသေလောက်အောင် တစ်မိုးလောက်တော့ စောင့်ရမှာပဲ။ တစ်မိုးဆိုတော့ သုံးလပေါ့ကွယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

လှလှထွေးကို ကြည့်ရသည်မှာ စောစောပိုင်းကလို မဟုတ်တော့ဘဲ အနည်းငယ် သွေးအေးလာသည့် လက္ခဏာကို တွေ့ရသည်။ ခပ်ငိုင်ငိုင် စဉ်းစားနားထောင်နေသည့် အသွင်ကို ဆောင်လာပါသည်။

"ကဲ - ဒါပါပဲ။ ဆရာက ညည်းတို့အရေးမှာ ဝင်စွက်တာ

မဟုတ်ဘူး။ ကန့်ကွက်တာ မဟုတ်ဘူး။ အားပေးတာလဲ မဟုတ်ဘူး။ နောက်ပြီး လှလှထွေးကို ခေါ်ပြီး သတိပေးတာ လဲ မဟုတ်ဘူး။ ညည်းကို ခင်ခင်မင်မင်ရှိတာကြောင့် အကြံ ဉာဏ်ပေးလိုက်တာ သက်သက်ပါပဲ။ ဒီအကြံပေးချက်ကို မလိုက်နာရင်လဲ ဆရာ့အနေနဲ့ ဘာမှ စိတ်ကွက်စရာ မရှိဘူး။ ဦးအောင်သင်းဟာ လှလှထွေးရဲ့ ဆရာပါပဲ။ မိတ်ဆွေပါပဲ။ အကူအညီလိုအပ်လို့ လှလှထွေး ဆရာ့ဆီကို နောက်ထပ် ရောက်လာပြန်ရင်လဲ ဆရာ့ကို ရှေ့နည်းတူပဲ တွေ့ရပါလိမ့် မယ်။ နားလည်တယ်နော် လှလှထွေး"

"ဟုတ်ကဲ့၊ နားလည်ပါတယ် ဆရာ"

* * *

ဤသို့နှင့်ပင် နောက်ပိုင်းတွင် လှလှထွေးနှင့် ဟိုသူငယ်လေးတို့ တွဲပုံ ကြဲသွားသည်ဟု ထင်မိသည်။ သို့သော်လည်း ကျွန်တော်၏ အထင်မျှသာ ဖြစ်ပါသည်။ သူတို့ နောက်ဆုံးနှစ်အတန်းတွေ နောက်ဆုံးစာမေးပွဲ၏ နောက်ဆုံးဖြေဆိုပြီးသည့်နေ့တွင် အတော်လေးနောက်ကျမှ လှလှထွေး ကျွန်တော့်အခန်းဝင် လာသည်။

"ဆရာ့အခန်းကို ဝင်လာမလို့ ချောင်းနေရတာ ဆရာ ရယ်။ ခုမှပဲ လူပြတ်တော့တယ်"

"အေးလေကွယ် -သူတို့လဲ နောက်ဆုံးနေ့ဆိုတော့ နှုတ်ဆက်ကြ၊ ကန်တော့ကြကိုး"

သည်တစ်ခါမှာတော့ လှလှထွေးကို ကြည်ကြည်ရွှင်ရွှင်၊ သွက်သွက်လက်လက် ပုံမှန်ပင် တွေ့ရသည်။ သူ့ပင်ကိုဟန်အတိုင်း အပြည့်ရယ်ရယ်ပြုံးပြုံးကြီး လုပ်လိုက်ပြီး -

"ဆရာ့ကို ဟိုကိစ္စ ပြန်ပြီးပြောရဦးမယ်။ ဆရာ သတိပေးလိုက်တာကို သိပ်ပြီးကျေးဇူးတင်တာပဲ ဆရာ။ ကျွန်မလေ အဲဒီ အချိန်မှာ သူ့ကို လက်ခံလိုက်တော့မယ်လို့ စဉ်းစားနေပြီ။ စဉ်းစားတာရယ်တောင် မဟုတ်ပါဘူး။ ဆုံးဖြတ်ပြီးသလောက်ကို ဖြစ်နေပြီ။ ဆရာ ခေါ်ပြောလိုက်တော့ ကျွန်မစိတ်ထဲမှာ နည်းနည်း စိုးရိမ်သွားတယ်။ ဆရာပြောသလို သုံးလတောင် မကြာဘူး။ တစ်လတောင် မကြာလိုက်ပါဘူး၊ ကျွန်မစိတ်ကို ကျွန်မ ပြန်သိလာတယ်။ (တစ်ချက် ထပ်ရယ်လိုက်ပြီး) ကျွန်မ သူ့ကို မကြိုက်ဘူးဆရာ။ တကယ်ချစ်တာ မဟုတ်ဘူးဆိုတာကို သိလာတယ်"

"အသည်းနှလုံး ဂယောင်ပြသွားတာပေါ့ပါတယ်"

လှလှထွေးက သူ့ပင်ကိုအတိုင်း အပြည့်ရယ်လိုက်ပြီး-

"ဟုတ်တယ်၊ ဟုတ်တယ်၊ အသည်းနှလုံး ဂယောင်ပြသွားတာ။ ဆရာသာ ကျွန်မကို ခေါ်ပြီး သတိမပေးလိုက်ရင် ကျွန်မလဲ ဂယောင်ဂတမ်းနဲ့ 'ပျောက်သောလမ်းမှာ စမ်းတဝါး' ဖြစ်ချင်ဖြစ်နေဦးမှာ"

ထိုစဉ်က မိုးမိုး(အင်းလျား)၏ 'ပျောက်သောလမ်းမှာ စမ်းတဝါး' ဝတ္ထု ထွက်ပြီးစအချိန် ဖြစ်ပါသည်။ ထို့ကြောင့် လှလှထွေးက ရယ်မောပြီး ထိုစကားလုံးကို သုံးလိုက်ခြင်း

ဖြစ်ပါသည်။

"ကဲ - သွားတော့မယ် ဆရာ။ ခဏလို့ ပြောပြီး ထားခဲ့တာ။ ဟိုကောင်မတွေ ကျွန်မကို ဆဲနေလိမ့်မယ်"

လှလှထွေး ကျွန်တော့်ကို မျက်စိမှိတ်ပြီး တရိုတသေ ကန်တော့သွားပါသေးသည်။


* * *

လှလှထွေးကို ကျွန်တော် မကြာခဏ သတိရမိပါသည်။ ယခုဆိုလျှင် နှစ်ပေါင်း (၂၀) ကျော်သွားပြီ။ သူနှင့်တစ်ခါဆို တစ်ခါမျှ ပြန်ပြီး မတွေ့ရတော့ပါ။

သူလည်း သားသမီးတွေ ပွားစီးပြီး အဘွားကြီး ပေါက်စ ဖြစ်နေပြီးလားပင် မသိတော့။

ဩော် . . . တစ်ခါတုန်းက တပည့်တွေ။

●



# သူမျှားဖြစ်ရင်

တက္ကသိုလ်နောက်ဆုံးနှစ်အတန်း၊ နောက်ဆုံး စာမေးပွဲကို ဖြေဆိုကြရသော ကျောင်းသားများသည် အခြားတန်းငယ် ကျောင်းသားများထက်ပို၍ စိတ်လှုပ်ရှားကြမည်ဟု ကျွန်တော်ထင်ပါသည်။ စိတ်လှုပ်ရှားပုံမှာ စာမေးပွဲအတွက် စိတ်လှုပ်ရှားနည်းမျိုးမဟုတ်။ ဆန့်ကျင်ဘက်အင်အား နှစ်ခုကြားတွင် လူးလွန့်နေရသော လှုပ်ရှားနည်းမျိုးဖြစ်သည်။

နောက်ဆုံးနှစ် ဘွဲ့ယူရတော့မည့် စာမေးပွဲဖြစ်သောကြောင့် ကြိုးစားပမ်းစားလည်း ဖြေကြသည်။ အောင်လည်း အောင်ချင်သည်။ လောကမြေတစ်ခွင်တွင် ခြေတင်ပြီးလျှောက်လှမ်းနိုင်ကြတော့မည်။

ထို့ကြောင့် အောင်ချင်သည်။

သို့သော် အောင်သွားပြီးလျှင် တက္ကသိုလ်သို့ နောက်ထပ် မလာရတော့ပြီ။ ကံ့ကော်တောနှင့် ဝေးပြီ။ ပိတောက်လမ်းကို မလျှောက်လှမ်းရတော့ပြီ။ အင်းလျားစပ်တွင် ကြည်နူးခွင့် မရတော့လေပြီဟူသော အတွေးတို့ကလည်း သူတို့နှလုံးသားကို ညှိုးငယ်နွမ်းလျသွားစေသည်မှာ အမှန်ဖြစ်သည်။

ထိုတက္ကသိုလ်လွမ်းစိတ်သည် အချို့သောသူတို့၏ ဘဝ ကို ပြောင်းလဲသွားစေတတ်သည်။ တက္ကသိုလ်ဆရာ တော်တော် များများသည် တက္ကသိုလ်လွမ်းစိတ်ကြောင့် မခွာနိုင်မခွဲရက် ဖြစ်ကာ ပြင်ပက ဩဇာအာဏာကြီးမားသည့် လုပ်ငန်းရာထူး ကြီးများကို ကျော်ခိုင်းပြီး ပညာကလွဲပြီး ဘာမျှမရှိသည့် ဆရာ ဘဝနှင့် အရိုးထုတ်သွားကြခြင်း ဖြစ်သည်။

နောက်ဆုံးမေးခွန်းလွှာဖြေပြီးကြသည်နှင့် တစ်ပြိုင်နက် အချင်းချင်း နှုတ်ဆက်ကြ၊ လိပ်စာပေးကြ၊ အော်တိုရေးကြ၊ ဆရာတွေကို ကန်တော့ကြ၊ ရယ်ကြ၊ မောကြ၊ မျက်ရည်ဝဲ့ကြ ဆိုသည်မှာ နှစ်စဉ်မြင်ကွင်းများသာ ဖြစ်နေပါတော့သည်။

စာမေးပွဲဖြေပြီး နောက်တစ်နေ့တွင် 'လှရွှေ' တစ် ယောက် ကျွန်တော့်ထံ ပေါက်လာပါသည်။ ခါတိုင်းလိုပဲ သူ့ကို ရယ်ရယ် မောမော နှုတ်ဆက်လိုက်မည်ပြုပြီးမှ သူ့ကို သတိထား ကြည့် လိုက်တော့ မျက်နှာက ညှိုးညှိုးငယ်ငယ် ဖြစ်နေရုံမက မျက်ရည် မကျအောင် မနည်းတင်းထားရလေဟန် ရှိသော ကြောင့် အလိုက်သိစွာပင် ကိုယ်ရှိန်သတ်ပြီး သူ့စကားကို

စောင့်နေမိပါသည်။

အတော်လေး ကြာသွားမှ -

"ကျွန်တော့်ဖေဖေ ဆုံးသွားပြီ ဆရာ"

"ဟင်" ဟုသာ တစ်ချက်မြည်တမ်းလိုက်မိပြီး ကျွန်တော်လည်း ဘာကိုမျှ ဆက်မပြောနိုင်ပါ။ ခဏရှိတော့မှ သူက ဆက်လက်၍ -

"ရက်လည်ဆွမ်းသွပ်ပြီးကြပါပြီ။ ကျွန်တော် စာမေးပွဲဖြေနေတာမို့ ဖုံးထားကြတာပါ။ ရန်ကုန်က ကျွန်တော့်အစ်ကို ဝမ်းကွဲတစ်ယောက်ဆီကိုတော့ ဖုန်းလဲ ဆက်ထားတယ်။ စာလဲ ရေးလိုက်ကြပါတယ်။ မနေ့က စာမေးပွဲပြီးလို့ ဒီနေ့မနက်မှ လာပြီး ပြောပြသွားပါတယ်"

သူက ကျွန်တော့်ကို ပြောနေသည်မှာ အကူအညီ တောင်းလို၍ မဟုတ်၊ အကြံဉာဏ်တောင်းလို၍လည်း မဟုတ်။ သူ ခင်မင်ရိုသေသော ဆရာဖြစ်၍ လည်းကောင်း၊ ခံစားနေရသည့် ဝေဒနာကို ဖွင့်ထုတ်လို၍ လည်းကောင်း၊ ကျွန်တော့်အား လာပြောနေခြင်းဖြစ်ကြောင်း ကျွန်တော် နားလည်လိုက်ပါသည်။

သူ့ဖခင်မှာ အစိုးရအရာရှိတစ်ယောက် ဖြစ်သည်။ တစ်အိမ်လုံးမှာ ဖခင်ဝင်ငွေကိုသာ အမှီပြုပြီး ခြိုးခြံချွေတာစွာ နေကြရသည်။ သူက အကြီးဆုံးသားယောကျ်ားလေးဖြစ်သည့်ပြင် ညီငယ် ညီမငယ် သုံးယောက် ရှိနေသေးသည်ကိုလည်း ကျွန်တော် သိထားခဲ့ပြီးဖြစ်သည့်အတိုင်း ရုတ်တရက် မမျှော်လင့်ဘဲ တာဝန်ကြီး ပိလာလိုက်သည့် သူ့အဖြစ်ကို ကြည့်ပြီး

'ဩော် ဖြစ်ရလေခြင်း'ဟု ကရုဏာသက်လိုက်မိပါသည်။

"အင်း . . . အေးလေ၊ ဒီလိုဆိုတော့ မင်းမှာ တာဝန်ကြီး ထမ်းဖို့ ဖြစ်လာပြန်ပြီပေါ့"

"ဟုတ်တယ်ဆရာ၊ မေမေကလဲ သိပ်ပြီး ကျန်းမာလှတာ မဟုတ်ဘူး။ ကျောင်းတက်နေတဲ့ ညီလေး၊ ညီမလေးတွေကလဲ ရှိသေးတယ်"

အခြေခံပစ္စည်းပစ္စယ ကြွယ်တောင့်ကြွယ်ဝ မဟုတ်လှသော သူတို့၏ မိသားစုအခြေအနေကို သိပြီးဖြစ်သည့်အတိုင်း သူ့အတွက် ကျွန်တော်ပါရောပြီး မွန်းကျပ်သွားမိပါသည်။ သူ့ကို ဘယ်လိုစကားမျိုးပြောပြီး နှစ်သိမ့်ရပါမည်နည်း။ 'သနားရပေါ့၊ အနိစ္စပေကိုး၊ သေမျိုးချည်းပါပဲ' ဆိုတာမျိုးတွေကိုလည်း ကျွန်တော် ပြောမနေချင်တော့။ သို့နှင့် အတော်ကြာကြီးငိုင်နေပြီးမှ -

"လှရွှေ မင်းကို ငါ သိပါတယ်။ ဆိုလိုတာက မင်းစိတ်နေစရိုက်ကို ငါ သိပါတယ်။ မင်းဟာ တာဝန်သိတတ်သူ၊ တာဝန်ယူတတ်သူတစ်ယောက် ဖြစ်တယ်။ ဒါ့ကြောင့်လဲ မင်းရဲ့ မိသားစုအတွက် စိတ်ပူနေတာပေါ့လေ။ ပုံသေတွက်ထားစေချင်တာတစ်ခုက တာဝန်သိစိတ်ရှိသူတွေ၊ တာဝန်ထမ်းတတ်တဲ့သူတွေဟာ တာဝန်ကို ထမ်းနိုင်လာကြစမြဲပဲ။ တာဝန်ထမ်းနိုင်တဲ့သူတွေကို လောကကြီးက တာဝန်ကို ယုံကြည်အပ်နှင်းစမြဲပဲ။ လောကကြီးက ယုံကြည်အပ်နှင်းလာတဲ့သူတွေဟာ ကြီးမြင့်လာစမြဲပဲ။ ဒါ့ကြောင့် မင်းဟာ တစ်နေ့မှာ ကြီးမြင့်

လာမှာပဲဆိုတာကိုတော့ ငါက တကယ့်ကို ယုံကြည်ပါတယ်။ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ဖြင့် မင်းအဖို့ တွေးလိုက်တိုင်း စိတ်အားငယ်စရာတွေချည်း ဖြစ်နေမှာပဲ"

"ဟုတ်တယ်ဆရာ၊ ကျွန်တော့်အတွက်ထက် မေမေ့ကို ပိုပြီးသနားတယ်။ နောက်ပြီး ညီမလေးတစ်ယောက်က အလွန် စိတ်အားငယ်တတ်တယ်။ သူ့ကိုလဲ သနားတယ်၊ ဖေဖေ ဆုံးသွားလိုက်တော့ သူ ဘယ်လောက်များ ငိုလိုက်ရှာမလဲလို့ တွေးလိုက်မိရင် စိတ်ကို မကောင်းတော့ဘူး ဆရာ"

"အေးပေါ့ကွာ။ ဒါပေမဲ့ လှရွှေရေ ကိုယ့်ကိုယ်ကို သိပ်ပြီးသနားနေရင် မဟန်ဘူးကွ။ မင်းလိုပဲ သူများတွေလဲ ဖြစ်ဖူးတာပါပဲ။ ငါတို့တစ်တွေက သူများတွေဖြစ်ရင် ကိုယ်လဲ ဖြစ်နိုင်တယ်ဆိုတာကို ကောင်းတဲ့ကိစ္စမျိုးတွေကျတော့မှသာ တွေးမိတတ်ကြတာ။ သူများ ထီပေါက်ရင် ကိုယ်လဲ ပေါက်နိုင်တယ်ဆိုပြီး တွေးတယ်။ ထီထိုးကြတယ်။ ဒါပေမဲ့ သူများ ကားတိုက်ခံရရင် ကိုယ်လဲ ကားတိုက်ခံ ရနိုင်တယ်ဆိုတာမျိုးကျတော့ မတွေးမိဘူး။ မတွေးချင်ဘူး။ ခုလဲပဲ သူများတွေမှာ အဖေသေတော့ ငါလဲ ငါ့အဖေ သေသွားနိုင်တယ်လို့ မင်းလဲ ဘယ်တွေးခဲ့မိပါ့မလဲ"

ကျွန်တော်က စကားကို ရပ်ထားလိုက်ပါသည်။ ကျွန်တော့်စကား မဆုံးသေးကြောင်းကို သူသိပါသည်။ ထို့ကြောင့် ဘာမျှမပြောဘဲ ငြိမ်ပြီး နားထောင်နေပါသည်။

"ကဲ - ခုတော့ သူများတွေ အဆိုးကို ကြုံရသလို

ကိုယ်လဲ ကြုံလာခဲ့ပြီးပြီ။ အကောင်းဘက်ကို လှမ်းပြီး တစ်လှည့် ကြည့်လိုက်ကြဦးစို့ကွ။ သူများတွေ တာဝန်ထမ်းနိုင်ရင် မင်းကော ဘာကြောင့်မထမ်းနိုင်ရမှာလဲ။ သူများ ကြီးပွားအောင် လုပ်နိုင်ရင် မင်းကော ဘာကြောင့်မလုပ်နိုင်ရမှာလဲ။ သူများတွေ ဖြစ်ရင် မင်းလဲ ဖြစ်နိုင်တယ်လို့သာ အောက်မေ့ပြီး ကြိုတ်ပေ တော့ကွာ”

ကျွန်တော်ပြောနေသော လေသံက တရားချနေသော လေသံလည်း မဟုတ်။ အားပေးနေသော လေသံလည်း မဟုတ်။ လောကသဘာဝကြီးကို သုံးသပ်ပြီး လုပ်ဆောင်ရန်သာ ဖြည်းဖြည်းသက်သာ ပြောနေခြင်း ဖြစ်ပါသည်။

သူလည်း မတွေးနိုင်၊ မကြံနိုင်ဖြစ်ကာ ဝေဝါးနေပုံရပါ သည်။ မည်သူမဆို သူ့နေရာ ရောက်နေလျှင်လည်း ဤသို့ နှင်နှင်သာ ဖြစ်လိမ့်မည် ထင်ပါသည်။

အတော်လေးကြာမှ လေးလေးပင်ပင် သက်ပြင်းချ လိုက်ရင်း သူက -

“အမှန်ပြောရရင် ဘယ်ကစပြီး ဘာလုပ်လိုက်ရမှန်းကို မသိအောင် ဖြစ်နေပြီ ဆရာ”

“အေး မင်းပြောတာလဲ ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီကနေပြီး စဉ်းစားနေကြရတာကိုးကွ။ အိမ်ပြန်ရောက်ရင် တော့ အခြေခံကနေစပြီး စဉ်းစားစရာ အချက်တွေကို တွေ့လာ မှာပေါ့။ ငါတို့ငယ်ငယ်က ဂျော်မက်ထရီ တွက်ကြသလိုပေါ့ကွာ။ ပေးထားချက်ဘာမှမရှိဘဲနဲ့တော့ ဘယ်လိုလုပ်ပြီးတွက်မလဲ။

မင်းမှာလဲ ပေးထားချက်က အဖေသေတယ်။ မိသားစု တာဝန်ကို မင်း ထမ်းရတော့မယ်။ ဒီတော့ ပေးထားချက်က မပြည့်စုံသေးဘူးကွ။ အိမ်ပြန်ရောက်လို့ ပေးထားချက်တွေ ပြည့်စုံလာရင် မင်း ဖြေရှင်းနိုင်မှာပါ"

ကျွန်တော်ကိုယ်တိုင် သူ့ကိုပြောနေရင်း စိတ်အားထက် သန်လာသောကြောင့် စကားတွေ တသီကြီးကို ဆက်တိုက်ပြော ချလိုက်မိပါသည်။

"ဒီမယ် လှရွှေ၊ သေချာဂရုစိုက်ပြီး နားထောင်လိုက် စမ်းကွာ။ ငါဖတ်ဖူးတဲ့ ပါမောက္ခကြီးတစ်ယောက်အကြောင်းကို ပြောချင်တယ်။ အဲဒီအချိန်မှာ 'ယူဘုတ်' လို့ ခေါ်တဲ့ ဂျာမန် ရေငုပ်သင်္ဘောတွေက ဗြိတိသျှရေတပ်ကို ကောင်းကောင်းကြီး ဒုက္ခပေးနေတဲ့အချိန်ပဲ။ ဒီတော့ ဝန်ကြီးချုပ် မစ္စတာချာချီလ်က လေတပ်ဦးစီးချုပ်ကို ခေါ်ပြီး 'လက်ရှိအင်အားအပြင် နောက်ထပ် မပေးနိုင်တော့ဘူး။ ဒါပေမဲ့ လက်ရှိအင်အားနဲ့ကိုပဲ ရန်သူ 'ယူဘုတ်' တွေကို နှစ်ဆတိုးပြီး ဖျက်ဆီးဖို့ အမိန့်ပေး တယ်။ လေတပ်အရာရှိတွေလဲ ဘယ်လိုလုပ်ရမယ် မသိကြဘူး။ ဒါနဲ့ တက္ကသိုလ်က ပညာရှင်ပါမောက္ခတွေဆီပြေး ကြရတယ်။ ပါမောက္ခတွေလဲ သူတို့သင်တန်းတွေနဲ့မို့ မကူညီ နိုင်ကြဘူး။ ဒီအချိန်မှာ သတ္တဗေဒဌာနက ပါမောက္ခတစ်ယောက်က သူ့ဘာသာရပ်မှာ ကျောင်းသားမရှိသေးလို့ အားနေတယ်။ အားနေတယ်ဆိုတာက သင်တန်းမရှိတာကို ပြောတာ။ သူတို့ကတော့ ဘယ်တော့မှ အားနေတာ မဟုတ်ဘူး။ ငါတို့လို

အားအားရှိရင် ဦးချစ်ဆိုင်မှာ ထိုင်ပြီး လေပစ်နေတာမျိုး မဟုတ်ဘူး။ တစ်ခုခုတော့ သုတေသန လုပ်နေကြတာ။

"ငါ မှတ်မိသလောက် အဲဒီအချိန်မှာ သူ လုပ်နေတဲ့ သုတေသနက 'စီစီဖလိုင်း' လို့ခေါ်တဲ့ ယင်ကောင်ကလေးတွေရဲ့ နှုတ်ခမ်းမွေးခြောက်ချောင်းမှာ ဘယ်လို အစားမျိုးကို ကျွေးရင် အပြင်နှုတ်ခမ်းမွေးနှစ်ချောင်းက တိုသွားတယ်၊ ရှည်သွားတယ် ဆိုတာမျိုးပေါ့။ ဘေးက မသိတဲ့၊ နားမလည်တဲ့ ငါတို့လို လူတွေအဖို့ အူကြောင်ကြောင် အောက်မေ့ချင် အောက်မေ့မှာပေါ့။ ဒါပေမဲ့ သူတို့လို သုတေသီတွေအဖို့ ဧရာမကိစ္စကြီးတွေကို လုပ်နေကြတာ။ အဲဒါနဲ့ သူ့ဆီကို သွားပြီး အကူအညီတောင်းကြတော့ တိုင်းပြည်အရေးမို့ သူ့လုပ်ငန်းကို ခဏချထားပြီး ကူညီဖို့ ပြင်ဆင်ရတယ်။

"သူက လေတပ်တွေ ယူဘုတ်တွေ ဆိုတာကို ဘာမှနားလည်တာ မဟုတ်ဘူး။ ဒါကြောင့် လေယာဉ်တွေ လေယာဉ်စခန်းတွေ၊ လေယာဉ်ထားတဲ့ နေရာတွေ၊ တက်ပုံ၊ ဆင်းပုံတွေကို သေချာကွင်းဆင်းပြီး လေ့လာရတယ်။ သက်ဆိုင်ရာတွေကလဲ သူမေးသမျှ ဘယ်လောက်သေးဖွဲတဲ့ ကိစ္စကိုဖြစ်ဖြစ် သေချာဖြေကြရတယ်။

"တိုတိုပြောရရင်တော့ကွာ နောက်ဆုံးမှာ 'အော်ပရေးရှင်နယ်လ်ရီဆာ့ချ်' လို့ခေါ်တဲ့ သင်္ချာပညာသစ်ကြီး တစ်ရပ်ကို ပေါ်ပေါက်လာတော့တာပဲ။ သူက စင်စစ်အားဖြင့် သတ္တဗေဒပါမောက္ခကြီးပါပဲ။ ဒါပေမဲ့ သုတေသနလုပ်နည်း၊ စဉ်းစားနည်း

ကို အလေ့အထုံကြီးလာသူဖြစ်လေတော့ ဒီနည်းနဲ့ပဲ အဖြေရှာလိုက်တာပါပဲ။

"သူ့စီစဉ်မှုစနစ်အတိုင်း လိုက်နာပြီး ဆောင်ရွက်လိုက်ကြတာ၊ တကယ့်ကို ရှိရင်းအင်အားနဲ့ပဲ ရန်သူယူဘုတ်တွေကို နှစ်ဆတိုးပြီး မြှုပ်နိုင်ခဲ့တယ်။ ဂျာမန်တွေမှာလဲ သူလျှိုတွေ၊ ဘာတွေရှိကြလေတော့ ဒီအကြောင်းကို သိကြပြီးဖြစ်မှာပေါ့။ ဘာကြောင့်လဲဆိုတော့ ဂျာမန်တွေ စစ်ရှုံးခါနီးမှာ သူတို့လုပ်ရပ်တွေ ပြန်ပြီးသုံးသပ်ကြတော့ ဒီအကြောင်းကို ထည့်ပြီး ပြောကြတယ်။ 'ရန်သူသည် သိပ္ပံပစ္စည်းကိုသာ မဟုတ်၊ သိပ္ပံနည်းစနစ်ကိုပါ သုံးခဲ့ကြသည်။ ငါတို့က ထိုသိပ္ပံနည်းစနစ်ကို မသုံးခဲ့ကြ' လို့ ကောက်ချက်ချကြတယ်။

"ဒီတော့ လှရွှေရေ၊ မင်းဟာ ငယ်ငယ်ကတည်းက ဂျော်မက်ထရီလို ကျိုးကြောင်းဆက်စပ်ပြီး စဉ်းစားရတဲ့ လေ့ကျင့်မှုမျိုးတွေကိုလဲ အခြေခံရခဲ့ပြီ။ တက္ကသိုလ်မှာလဲ ယုတ္တိဗေဒလို ကျိုးကြောင်းဆင်ခြင်ပုံစနစ် လေ့ကျင့်ခဲ့ရပြီးပြီ။ မြန်မာစာလိုဟာမျိုးကို သင်ခဲ့ရလို့ ကိုယ်ပြောချင်တာကို သူများ နားလည်အောင်လဲ ပြောတတ်ပြီ။ နားဝင်အောင်၊ နားကျအောင်လဲ ပြောတတ်ပြီ။ မင်းတတ်ခဲ့တဲ့ပညာတွေကို လက်တွေ့လောကမှာ မီးကုန်ယမ်းကုန် သုံးပေတော့ကွာ။ တက္ကသိုလ်က သင်ပေးလိုက်တဲ့ပညာ၊ တက္ကသိုလ်ထရိန်နင်ဆိုတာ စဉ်းစားတတ်အောင် လေ့ကျင့်ပေးလိုက်တာပါပဲ။ အိမ်ပြန်ကွာ။ လေ့လာကွာ။ ပေးထားချက်တွေကို ရှာကွာ။ စဉ်းစားကွာ။

ဘယ်ကစပြီး လုပ်ရမယ်ဆိုတာ တွေ့လာပါလိမ့်မယ်"

ဤသို့လျှင် စကားရှည်ကြီးကို ကျွန်တော် ပြောလိုက်ပါသည်။ သူလည်း သဘောတူစိုက်ပြီး နားထောင်ပါသည်။

လှရွှေတစ်ယောက် ပြန်သွားသည်။ ပြန်သွားပြီးစလောက်တွင်တော့ စာသုံးလေးစောင်လောက် လာသေးသည်။ သူ့စာများတွင် လူပင်ပန်းကြောင်း၊ စိတ်ပင်ပန်းကြောင်း၊ တစ်ခါတစ်ရံ စိတ်ဓာတ်ကျမိကြောင်း၊ ကျွန်တော့်စကားများ ပြန်လည်သတိရပြီး အားတင်းရကြောင်း စသည်တို့ ပါလာတတ်လေ့ ရှိပါသည်။ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားဘဝကို ပြန်လွမ်းဆွတ်မိကြောင်းမှာ စာတိုင်းတွင် တမ်းတမ်းတတ ပါလာတတ်လေ့ ရှိပါသည်။ နောက်တော့ စာအဆက်အသွယ် ပြတ်သွားပါသည်။ သူလည်း လုပ်ငန်းတာဝန်တွေကြားမှာ မျောနေရှာပါလိမ့်မည်။ ကျွန်တော်လည်း သူ့ကို တစ်ခါတလေမှသာ သတိရနိုင်ပါတော့သည်။

* * *

၁၉၈၃-၈၄ စပ်ကူးမပ်ကူး စာဆိုတော်ရာသီတွင် စာပေဟောပြောပွဲအတွက် လှရွှေတို့မြို့သို့ ကျွန်တော် ရောက်သွားတော့ စာပေလုပ်သားအဖွဲ့က စီစဉ်ထားသည့် တည်းခိုအိမ်တွင် အသင့်စောင့်နေသော လှရွှေကို တွေ့ရပါသည်။ မျက်နှာမှာ အနည်းငယ်ရင့်လာသယောင်ရှိသော်လည်း သိပ်မပြောင်းလဲလှပါ။ နည်းနည်းပြောင်းလဲသည်က ဗိုက်ရွှဲတော့မယောင်ယောင်

ရှိလာခြင်း ဖြစ်ပါသည်။

ကျွန်တော်က တွေ့လျှင်တွေ့ချင်း "ခွေးကောင် - စာလေး ဘာလေးတောင် ရေးဖော်မရတော့ဘူး" ဟု ပြောပြီး ဇက်ပိုးကို တစ်ချက်အုပ်လိုက်တော့ သူသည် မြူးထူးစွာ ရယ်မောလိုက်ရင်း ကျောင်းသားငယ်လေးလို ပြန်ဖြစ်သွားပါသည်။

ခဏရှိတော့ လူရှင်းရာထောင့်တစ်ခုတွင် ကျွန်တော်တို့ စကားလက်ဆုံကျမိကြသည်။

"ဆရာရေ . . . စာမရေးဖြစ်တာကိုတော့ ခွင့်လွှတ်ပေတော့၊ ဒါပေမဲ့ ဆရာ့ကို အမြဲသတိရပါတယ် ဆရာ။ ကျွန်တော်လဲ ဆရာပြောလိုက်သလို တက္ကသိုလ်က သင်ပေးလိုက်တဲ့စဉ်းစားနည်းကို အသုံးချရမှာပဲဆိုပြီး မေးလိုက်၊ စမ်းလိုက်၊ ပြေးလိုက်၊ လွှားလိုက်၊ လဲလိုက်၊ ထလိုက်နဲ့ တစ်နှစ်ကျော်ကျော်ဟာဖြင့် အလူးအလဲပဲ ဆရာရေ့။ အိမ်မှာရှိတဲ့ ရွှေတိုငွေစလေးတွေ ပြုတ်သွားတဲ့ပြင် အိမ်ကိုတောင် ခဏပေါင်ထားရသေးတယ်။

"လုပ်တာတော့ဖြင့် ဘာလုပ်သလဲ မမေးနဲ့၊ ဥပဒေနဲ့ လွတ်တဲ့ ပစ္စည်းမှန်သမျှ အကုန်လုပ်တာပဲ၊ ကားပစ္စည်းရော၊ ဂုန်နီအိတ်ရော၊ ငါးပိငါးခြောက်ရော စုံနေတာပဲ။ နောက်ဆုံးကိုက်တဲ့ကုန်ဆိုရင် 'မြွေပွေး'တောင်လုပ်မယ်ဆိုပြီး တွယ်ရတော့တာပဲ"

ကျွန်တော် ရယ်လိုက်မိပါသည်။

ယခုတော့ လှရွှေက ပွဲရုံပိုင်ရှင်ကြီး ဦးလှရွှေဖြစ်နေပါ

လေပြီ။ သူ့မိသားစုအကြောင်း မေးကြည့်လိုက်တော့ -

"မေမေလဲ နေကောင်းပါတယ် ဆရာ၊ ညီတစ်ယောက်နဲ့ ညီမလေးတစ်ယောက်ကတော့ ကောလိပ်ရောက်နေကြပြီ။ အငယ်ဆုံးမလေးကတော့ ဒီနှစ် ဆယ်တန်းဖြေမှာပါ။ ဆရာ ပြောတာတွေကိုပဲ ကျွန်တော့်မှာ သူတို့ကို ပြန်ပြောနေရတယ်။ **တက္ကသိုလ်ဆိုတာ စာတင်သင်တာ မဟုတ်ဘူး။ စဉ်းစားနည်းကို ပစာနထားပြီး သင်တာ။ စာသာတတ်ပြီး စဉ်းစားနည်းကို မတတ်ခဲ့ရင် ဘာဘွဲ့ကြီးကိုပဲ ရနေနေ အဓိပ္ပာယ်မရှိဘူး။ စဉ်းစားနည်းကို ရခဲ့ရင် ဘယ်ဘာသာယူပြီး ဘာဘွဲ့ကိုပဲ ရရ အဓိပ္ပာယ်ရှိတယ်လို့** မကြာခဏ ပြောနေရတယ် ဆရာရေ့"

ဩော် . . . တစ်ခါကတုန်းက တပည့်တွေ။

●



# တစ်ခါတုန်းက ပတ်ဝန်းကျင်

အနော်ရထာလမ်းမကြီးအတိုင်း လျှောက်လာစဉ် ၃၅ လမ်းထဲက ရယ်ရယ်မောမော စကားပြောပြီး ထွက်လာကြသည့် အမျိုးသမီးတစ်စုထဲတွင် ခင်မေညွန့်ကို လှမ်းမြင်လိုက်မိသည်။ ဝန်ကြီးဌာနတစ်ခု၏ ဝတ်စုံများ ဝတ်ထားကြသည်ကို ထောက်၍ သူလည်း အလုပ်အကိုင်နှင့် ဌာနဆွေရနှင့် ဖြစ်နေကြောင်း သိသာပါသည်။

* * *

ခင်မေညွန့်ကို ကျွန်တော်စပြီး သတိထားမိလိုက်တော့ သူက ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် ဒုတိယနှစ်။ အသားခပ်လတ်လတ်၊

အသားလတ်လတ်ဟု ဆိုရစေကာမူ အညိုဘက်သို့ အနည်း ငယ်လုသည်ဟု ဆိုရမည် ထင်သည်။ ကိုယ်လုံးကိုယ်ပေါက် လှသည်။ မျက်နှာက ချောလှသည်ဟု မဆိုနိုင်စေကာမူ ကြည်လင်ရွှန်းပသည်။ သွေသားသန့်စင်လျက် တင်းတင်းပြည့် ပြည့်ရှိလှသော မျက်နှာတွင် ဖြူစင်ညီညာသော သွားကလေး များသည် သူမ၏ အပြုံးကို ထပ်ဆင့်တောက်ပစေသည်။ ဒုတိယနှစ်ကျောင်းသူများအလယ်တွင် 'စန်း' ကောင်းလှသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်။

ခက်သည်က 'ဒုတိယနှစ်'။

ခက်သည်က 'ဒုတိယနှစ်'ဟု ကျွန်တော် ဆိုလိုက်သည်။ စာကတော့ ခက်သည်မဟုတ်ပါ။ ခက်သည်က ကျောင်းသား များနှင့် ဆရာများ ခက်ကြရခြင်း ဖြစ်သည်။ ကျွန်တော့်အတွေ့ အကြုံအရ ပြောလိုက်ရခြင်းပါ။

အားလုံးသိကြသည့်အတိုင်း ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် များသောအားဖြင့် ဘွဲ့ရသည့်တိုင်အောင်ဆိုလျှင် (၄) နှစ်နေ ကြရသည်။ ပထမနှစ်ကျောင်းသားများကို ထိန်းသိမ်းရသည်မှာ အလွန်လွယ်ကူသည်။ သူတို့အဖို့ ယခုမှ တက္ကသိုလ် ကျောင်း သား ဖြစ်လာကြသည်။ မြင်သမျှ သူတို့ထက် အတန်းကြီး ဝါရင့်များသာ ဖြစ်ကြသည်။ နယ်သစ်ပယ်သစ်ရောက်လာ စဖြစ်လေတော့ မရွံ့မရဲကလေးတွေ ဖြစ်နေကြရသည်။

အဲ - ဒုတိယနှစ်သို့ ရောက်လိုက်ပြီဆိုတော့ သူတို့နောက် က ရောက်လာသည့် ကျောင်းသားသစ် ပထမနှစ်ကလေးများအား

အပေါ်စီးကြည့်လို့ရလာပြီ။ သူတို့ကိုယ်သူတို့ တက္ကသိုလ်ကျောင်းသားပဲဟူသော ယုံကြည်မှုလည်း တစ်ခဲနက် ဝင်လာကြပြီ။ ယုံကြည်လာတော့ 'အားစမ်း' ချင်လာသည်။ ဟိုဟာလေး၊ ဒီဟာလေးတွေ လုပ်ကြည့်ချင်တတ်သည်။ ပထမနှစ်ကျောင်းသားသစ်ဘဝက အတန်းထဲ ဆရာဝင်လာလျှင် တန်းမြင့်ကျောင်းတုန်းကလို ယောင်ယောင်ယမ်းယမ်း မတ်တတ်ရပ်ပြီး 'မင်္ဂလာပါ ဆရာ'လုပ်တော့မလိုလို အမူအရာမျိုးတွေ လုံးဝပျောက်သွားပြီ။ သူတို့ကိုယ်သူတို့ ယုံကြည်မှုက ပြည့်နေရုံမကနည်းနည်းလေး ပိုလျှံနေတတ်သည်။ ထို့ကြောင့် ဆရာများအဖို့ ထိန်းသိမ်းရတာ အခက်တွေ့တတ်သည်။ သတိအလွန်ထားရသည့်အချိန် ဖြစ်သည်။

တတိယနှစ်သို့ ရောက်သွားပြန်တော့ နည်းနည်းလေး အနယ်ထိုင်သွားပြီ။ အသက်ကလည်း တစ်နှစ်ရင့်လာခဲ့ပြီ။ ဂုဏ်ထူးတန်း ဝင်ချင်တာကလေးတွေ၊ ဘာလေးတွေကလည်း ရှိလာပြီ။ ငြိမ်စပြုလာပြီ။ အဲ - စတုတ္ထနှစ်သို့ ရောက်ပြီဆိုလျှင်တော့ ဘဝရှေ့ရေးကိုလည်း တွေးကြရပြီ။ ကျောင်းကထွက်လျှင် ဘာလုပ်မလဲ။ ကိုယ့်ဘဝကို ဘယ်လိုဖန်တီးရမလဲဆိုသည့် အတွေးများက သူတို့ခေါင်းထဲတွင် ပတ်ချာလည်နေပြီ။ ထိုအတွေးပေါင်းစုံအနက် ပျော်စရာ မက်မောစရာကောင်းလှသည့် ကျောင်းသားဘဝကြီးကို စွန့်လွှတ်ကြရတော့မည်။ ချစ်သော ကံ့ကော်တောနှင့် ပိတောက်လမ်းတို့မှ စခန်းသိမ်းကြရတော့မည်ဆိုသည့် အတွေးက သူတို့နှလုံးသားကို အနာကျင်

စေဆုံးဖြစ်သည်ဟု ဆိုသင့်သည်။ ထို့ကြောင့် ချင့်ချင့်တွေးတွေး၊ နင့်နင့်ဆွေးဆွေးဖြစ်နေသည့် စတုတ္ထနှစ် ကျောင်းသားများကို ဆရာ၊ ဆရာမများက ဘာမျှအထူးထိန်းသိမ်းနေရန် မလိုတော့ပြီ။ သူတို့ လူလားမြောက်နေကြပြီ။

ဒုတိယနှစ် ကျောင်းသားများကို ဆရာက ထိန်းသိမ်းရန် ခက်ကြောင်း ကျွန်တော်ဆိုခဲ့ပါသည်။ ကျောင်းသားများအတွက်လည်း အလွန်ခက်ပါသည်။ စက်ဘီးသွက်သွက်လက်လက် စီးတတ်စ၊ မော်တော်ကား ကျင်ကျင်လည်လည် မောင်းတတ်စတွင် အတင့်ရဲတတ်သလို သူတို့သည်လည်း ပတ်ဝန်းကျင်အသစ်တွင် အတင့်ရဲချင်ကြသည်။ ကျယ်ပြောလာသည့် အပေါင်းအသင်းအသစ်တို့နှင့် စွန့်စွန့်စားစားကလေး လုပ်ချင်ကြသည်။ စွန့်စားရင်းက စွန့်လွှတ်ကြရသည်ကိုလည်း ကြုံတတ်ကြသည်။ စွန့်စားလိုက်သည်က စိတ်ဓာတ်၊ စွန့်လွှတ်လိုက်ရသည်က စာရိတ္တ။

အများနည်းတူ ခင်မေညွန့်သည်လည်း အပေါင်းအသင်း နယ်ပယ်ကလေး ကျယ်လာခဲ့သည်။ အပေါင်းအသင်းများကြားတွင် ရယ်ရယ်မောမော၊ ပျော်ပျော်ပါးပါး တွေ့နေရတတ်သည်။ နောက်ပိုင်းတွင် ကျောင်းခဏခဏပျက်သည်ဟု ထင်သည်။ ကျွန်တော်နှင့်လည်း ရင်းရင်းနှီးနှီးရှိလှသည် မဟုတ်သောကြောင့် ထူးထူးခြားခြားကြီးတော့ဖြင့် သတိမထားမိလှပါ။ သို့သော် သတိထားမိလောက်စရာ ဖြစ်လာရသည်က သူ့သတင်းများ ဖြစ်သည်။

'မင်းနား တစ်ထောင်' ဟူသော စကားရှိသည်။ ကျောင်းဆရာ၏ နားကလည်း တစ်ထောင်မရှိတောင် တစ်ရာလောက်တော့ ရှိလိမ့်မည်ပေ့ါ။ ကျောင်းသားတပည့်၊ ကျောင်းသူတပည့်တို့ထံမှ သူ့သတင်းကို ကြားလာရခြင်း ဖြစ်သည်။

ခင်မေညွန့်၏ ယောကျ်ားလေး အပေါင်းအသင်းများက ကောင်းလှသည် မဟုတ်။ ရိုးရိုးမကောင်းတာမျိုး မဟုတ်။ မူးယစ်ဆေးဝါး လက်တည့်စမ်း စွန့်စားနေကြသူများ ဖြစ်သည်။ ကျွန်တော် စိတ်မကောင်း၊ သို့သော်လည်း သူ့ကို ခေါ်ပြီး ပြောဖို့၊ သတိပေးဖို့ဆိုသည်ကလည်း ကိုယ်နှင့် ရင်းနှီးလှသည် မဟုတ်။ ထို့ပြင် သူ့ကိုပင် အတန်းထဲ၌ မတွေ့ရသည်မှာ ကြာပြီ။ တစ်ခါတစ်ရံ တွေ့လိုက်မြင်လိုက်ရပြန်သည်ကလည်း အတန်းထဲတွင် မဟုတ်။

"ဆရာ - ခင်မေညွန့်ကို တွေ့ရင် သတိထားကြည့်ပါလား။ အရင်ကအသားအရေမျိုးမှ မဟုတ်တော့တာကို"

သူတို့ပြောလိုက်မှ ကျွန်တော် သတိပြုမိလိုက်သည်။ မျက်နှာလည်း ချောင်ကျသွားသည်။ အသားအရေလည်း နည်းနည်းခြောက်သွားသည်။ ထို့ပြင် မျက်နှာလည်း ညိုးညိုးငယ်ငယ်ရှိသည်ဟု ကျွန်တော် ထင်မိသည်။

တပည့်များ၏ ပြောစကားအရ သူ့ဖခင်မှာ အတော်လေးမြင့်သော အရာရှိကြီးတစ်ယောက် ဖြစ်သည်။ ဒီမိန်းကလေး၏ စိတ်ရင်း အလွန်ဖြူသည်။ အပေါင်းအသင်း အပေါ်လည်း အလွန်ရက်ရက်ရောရောရှိလှသည်ဟု ဆိုပါသည်။ အပေါင်း

အသင်း မိန်းကလေးတွေကလည်း သူ့ကို အလွန်ခင်မင်ကြဟန် ရှိသည်။ သို့သော် ယခုအခါတွင်တော့ဖြင့် သူတို့မိန်းကလေးချင်း သည်လည်း မလှမ်းမကမ်းသို့ မသိမသာ ခွာသွားကြဟန် ရှိ သည်။ ပင်ကိုအားဖြင့် အသိဉာဏ်သွက်လက်ထက်မြက်သော မိန်းကလေးဖြစ်သည့်အတိုင်း သူ့ဘဝဟောင်း၊ ဘဝကောင်း ကလေးကို နှမြောခြင်း ဖြစ်မိပါလိမ့်မည်။ ထို့ကြောင့် သူ့မျက်နှာ ညှိုးညှိုးငယ်ငယ်ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

သို့နှင့် တတိယနှစ်ရောက်ပြီး သိပ်မကြာခင်မှာပင် ခင်မေညွန့်တစ်ယောက် ပျောက်သွားတော့သည်။ ကျွန်တော် ကိုယ်တိုင်က သတိထားမိလိုက်သည် မဟုတ်။ ကျောင်းသားများ ပြောပြလိုက်လို့သာ သိလိုက်ခြင်း ဖြစ်သည်။ သူ့အိမ်က တခြား တက္ကသိုလ်တစ်ခုသို့ ပြောင်းပို့လိုက်သည်ဆိုပဲ။ ကျွန်တော် ထင်ပါသည်။ သူကိုယ်တိုင်လည်း လိုလိုလားလား ဖြစ်ပါလိမ့် မည်။ "အင်း . . . ပတ်ဝန်းကျင်သစ်မှာ စိတ်သစ်လူသစ် ဖြစ်ပါစေတော့"ဟု ခင်မေညွန့်အတွက် တွေးလိုက်မိပြီး တပည့်တွေကိုလည်း ပြောလိုက်မိပါသည်။

"မင်းတို့ပြောတဲ့အတိုင်းဆိုရင် ခင်မေညွန့်ဟာ အလွန် ချစ်စရာကောင်းတဲ့ မိန်းကလေးပဲကွ။ အပေါင်းအသင်းကြောင့် ဖြစ်ကြရတာ။ ခုမှ စကားစပ်မိလာလို့ ပြောလိုက်ရဦးမယ်။ တစ်ခါမှာ ရှင်အာနန္ဒာက ဘုရားကို လျှောက်ထားဖူးတယ်။ 'အရှင်ဘုရား မဂ်ဖိုလ်ရရာရကြောင်းမှာ မိတ်ကောင်း ဆွေ ကောင်း၊ အပေါင်းအသင်းဟာလဲ တစ်စိတ်တစ်ဒေသအားဖြင့်

အရေးကြီးသည်ဟု ထင်မိပါသည်ဘုရား'ပေါ့။ ဒီတော့ ဘုရားရှင်က ဘယ်လိုမိန့်တယ်ထင်သလဲ။ 'အာနန္ဒာ - ဤသို့ မဆိုလင့် အာနန္ဒာ၊ ဤသို့ မဆိုလင့်'လို့ သုံးကြိမ်တိတိမြစ်တယ်။ ငါ့မှာ ဖတ်နေရင်းက အရှင်အာနန္ဒာရဲ့ စကားမှားသွားလို့ ဘုရားက 'မြစ်'လိုက်တာလားလို့ အောက်မေ့တယ်။ မဟုတ်ဘူး။ 'အာနန္ဒာ - ဤသို့မဆိုလင့်။ မိတ်ကောင်းဆွေကောင်း၊ ခင်ပွန်းကောင်းတို့ကြောင့် အလုံးစုံပြီးစေနိုင်၏'လို့ မိန့်တော်မူတယ်။ ခင်မေညွန့်လဲ ပတ်ဝန်းကျင်အသစ်မှာ အပေါင်းအသင်းကောင်းနဲ့ တွေ့လောက်ပါရဲ့ကွာ"

***

၃၅ လမ်းထဲက ခင်မေညွန့်ကို တွေ့လိုက်ရတော့ အသက်ကလေး အတန်ငယ်ကြီးလာသောကြောင့် မျက်နှာလေး အတန်ရင့်သွားသည်မှအပ စိုပြည်ရွှန်းပနေဆဲ ကြည်လင်ထက်မြက်နေမြ ဖြစ်ပါသည်။

ရယ်ရယ်မောမော သူတို့ချင်း စကားပြောနေဆဲ ကျွန်တော်နှင့် မျက်လုံးချင်း ထပ်ခနဲဆိုင်မိလိုက်တော့ သူ့မျက်နှာလေး ချက်ချင်းတစ်မျိုးဖြစ်သွားလိုက်ပြီး အရယ်အမောမပျက်တစ်ဖက်သို့ လှည့်သွားပါသည်။ ကျွန်တော် ရုတ်တရက် အံ့အားသင့်သွားမိသည်မှာ အမှန်ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူဘဝက မရင်းနှီးလှစေဦးတော့ ဆရာတစ်ယောက်ကို ပြန်တွေ့လိုက်လျှင် အူယားဖားယား နှုတ်ဆက်ကြမြဲ ဖြစ်ပါသည်။

ခင်မေညွန့်ကတော့ နှုတ်ဆက်ချင်ဟန်မတူပါ။ သူ့ဘဝဟောင်းကြီးကို နှုတ်ဆက်ခွဲခွာခဲ့ပြီးပြီ မဟုတ်ပါလား။ ကျွန်တော် ခင်မေညွန့်အတွက် ဝမ်းသာမိပါသည်။

ဩော် . . . တစ်ခါတုန်းက တပည့်မကလေး။

●



# အခြားသောမျက်နှာစာ

ကျွန်တော့် ဆရာဘဝသက်တမ်းတစ်လျှောက်တွင် တပည့်များနှင့် ပတ်သက်သည့် ဇာတ်လမ်းကလေးများကြောင့် ပျော်ခဲ့ရသည်လည်း ရှိပါသည်။ ဝမ်းနည်းစိတ်ထိခိုက်ရသည့် အခါများလည်း ရှိသည်။ ကြည်နူးခဲ့ရသည့် အခါများလည်း ကြုံခဲ့ရသည်။ ထိုထိုသော အကြောင်းများကြောင့် မမေ့နိုင်ဘဲ မကြာခဏ သတိရမိသူများတွင် အေးအေးနုတစ်ယောက် အပါအဝင်ဖြစ်ပါသည်။

နောက်ဆုံးနှစ်စာမေးပွဲ ဖြေပြီးကြသည့်အခါ အိမ်ပြန်ကြမည့် ကျောင်းသား၊ ကျောင်းသူတို့သည် ဆရာများထံသို့ လာ၍နှုတ်ဆက်ကြ၊ ကန်တော့ကြလေ့ ရှိတတ်ပါသည်။

ဇွန်ပွင့်စာအုပ်တိုက်

အေးအေးနုတစ်ယောက်ကတော့ အိမ်ကိုမပြန်သေးဘဲ သီရိဆောင်တွင် အတူနေရသည့် သူငယ်ချင်းတစ်ယောက်နှင့် အတူ ရှမ်းပြည်နယ်ဘက်သို့ အလည်အပတ်လိုက်သွားမည်ဟု သိရသည်။ ဤသည်မှာလည်း အဆန်းမဟုတ်လှပါ။ သည်လိုပဲ အပျင်းလည်းပြေ၊ ဒေသန္တရဗဟုသုတလည်း ရရှိသလို သွားကြမြဲ ဖြစ်ပါသည်။ ပြီးတော့ သူတို့ သူငယ်ချင်း အချင်းချင်း နောက်တစ်ခါထပ်ပြီး ဆုံကြရန် မလွယ်တော့ပြီ ဖြစ်သောကြောင့် ရုတ်တရက် မခွဲချင်ကြသော သံယောဇဉ်ကလေးတွေကလည်း နှောင်ဖွဲ့ထားမိရက် ဖြစ်နေတတ်ကြပြန်သည်။

ဤသို့သောအခါမျိုးတွင် ပျော်ပျော်ပါးပါး ရှိနေကြရိုးမှန်သော်လည်း အေးအေးနု၏ မျက်နှာက တယ်ပြီးမကောင်းလှ။ စိတ်က စနောင့်စနင်းရှိသည်နှင့် မေးကြည့်တော့မှ -

အေးနုဖေဖေက အရာရှိတစ်ယောက် ဖြစ်သည်။ နယ်မြို့ဆိုတော့ တင့်တောင့်တင့်တယ် နေနိုင်သည်။ အေးနု (၁၂)နှစ်သမီးလောက်တွင် မိခင်ကွယ်လွန်သည်။ မိတဆိုးကလေးဆိုပြီး အေးနုကို အလွန်ချစ်ရှာသည်။ အလိုလည်း လိုက်သည်။ ခုဆိုရင်တော့ အေးနု အသက်(၂၂)နှစ်ရပြီ။ ဘွဲ့ရပြီဟုလည်း ဆိုနိုင်သည်။ ထိုအချိန်တွင်မှ အေးနု၏ ဖခင်က အိမ်ထောင်ပြုလိုက်သည်။ အေးနုအိမ်ပြန်လျှင် မိထွေးနှင့်အတူ နေရတော့မည်။ အေးနုဝမ်းနည်းတာလား၊ ရှက်တာလား၊ ဖခင်ကို စိတ်ဆိုးတာလား၊ ဘယ်လိုပြောရမည် မသိ။ သူ သေချာသိနေသည်ကတော့ အိမ်မပြန်ချင်။ သူစိမ်းတစ်ဦးက

မိခင် နေရာဝင်ယူနေသည်ကိုလည်း မကြည့်ချင်၊ မမြင်ချင်။

'အေးအေးနု'ဟူသော နာမည်နှင့်လိုက်အောင် အေးအေးနုနုရှိလှသော သူ၏ မျက်နှာလေးမှာ ဖြူလျော်နွမ်းနယ်နေသည်။ တက္ကသိုလ်၏ သရဖူပါပဲဟု ဆိုလောက်အောင် ဝံ့ဝံ့စားစား ချောမောလှပသူ မဟုတ်သော်လည်း တစိမ့်စိမ့်ကြည့်လေမှ တငြိမ့်ငြိမ့်တိုးကာတိုးကာလှသည်ဟု ထင်လာရတတ်သော အလှမျိုး ဖြစ်သည်။

သူက ကျွန်တော့်ကို ဘာမှဆက်မပြောတော့ဘဲ စားပွဲပေါ်တွင် ချထားသော သော့တန်းလန်းနှင့် ကျွန်တော့်စာအုပ်ဗီရိုသော့ကိုသာ တချောက်ချောက်နှင့် ဖွင့်ချည်ပိတ်ချည်လက်ကစားနေသည်။ သူ့မျက်လုံးက သော့ကို ကြည့်နေသော်လည်း သော့ကို မြင်မည် မဟုတ်။ လက်က သော့ကို ကစားနေသော်လည်း စိတ်က တခြားမှာ ဖြစ်နေရှာပေလိမ့်မည်။

အတော်လေးကြာမှ ကျွန်တော်က -

"အေးနု - နင့်ကို လိုက်ကြတဲ့ ကောင်လေးတွေ အတော်များတယ်။ ငါသိရသလောက် နင့်မှာ ရည်းစားမရှိဘူးနော်"

အေးနုက ကျွန်တော့်ကို တစ်ချက်မော့ကြည့်လိုက်၍ ခေါင်းရမ်းပြသည်။ ပြီးမှ မျက်နှာအောက်ချပြီး မျက်ရည်အသွယ်သွယ်ကျလာသည်။ သော့ခလောက်ကို ချပြီး လက်ကိုင်အိတ်ကလေးထဲက လက်ကိုင်ပဝါကို ထုတ်၍ မျက်နှာကို အုပ်လျက် ကြိတ်ငိုနေသည်။

ကျွန်တော်က သူ့ဝေဒနာကို နားလည်စ ပြုလာပြီ။

"အင်းပေါ့လေ ... ဖအေတစ်ခု၊ သမီးတစ်ခု၊ ဒီနှစ်ယောက်တည်းဆိုတော့ ချစ်စရာ ဒီဖအေပဲ ရှိတယ်ဆိုပြီး ချစ်ရေးကိုတောင် မစဉ်းစားခဲ့ဘူးပေါ့"

ထိုအခါတွင်မှ သည်းသည်းထန်ထန် ရှိုက်ကာရှိုက်ကာ ငိုလာလျက် ကျွန်တော့်ကို မကြည့်ဘဲ ခေါင်းကို သုံးခါလောက် ဆက်ပြီး ညိတ်ပြပါသည်။

"အင်း - အင်း - မင်းခံစားရတာကို ဆရာ နားလည်ပါတယ်"

သူ ငိုလို့အားရလောက်သည်အထိအောင် ကျွန်တော် စောင့်နေပါသည်။

"ကဲ - ခဏလောက် အငိုတိတ်လိုက်ပါဦး။ စကားပြောကြဦးစို့။ အေးနုရဲ့ ဘ၀ကို စပ်စုတာ မဟုတ်ပါဘူး။ ဆရာ မေးပါရစေဦး"

သူ့ မျက်ရည်တွေကို ကြိုးစားပမ်းစား သုတ်လိုက်သည်။ ဆံပင်ကို သပ်ပြီး ခပ်တင်းတင်းလေး ဖြစ်သွားအောင် ပြင်စည်းလိုက်သည်။ ကျွန်တော့်ကို မော့ကြည့်လိုက်တော့ သူ့မျက်ခွံကလေးတွေက ရဲနေသည်။

"အေးနုဖေဖေ အသက်က ဘယ်လောက်ရှိပြီလဲ"

"လေးဆယ့်လေးနှစ်၊ လွန်ခဲ့တဲ့ ဇန်န၀ါရီ (၅)ရက်နေ့က လေးဆယ့်သုံးနှစ်ပြည့်ခဲ့တယ်။ လေးဆယ့်လေးထဲမှာပေါ့"

သူ့အသံတွင် ရှိုက်သံဝဲ့နေဆဲ။

"မေမေ ဆုံးတာက ဘယ်လောက်ကြာပြီလဲ"

"ဆယ်နှစ်ကျော်ပြီ။ လာမယ့် နိုဝင်ဘာလဆိုရင် ဆယ့်တစ်နှစ်ပြည့်ပြီ။ အေးနု ဆယ့်နှစ်နှစ်သမီး ခြောက်တန်းထဲမှာ"

ပြောရင်း မျက်ရည်လည်လာသည်ကို သုတ်ပြန်သည်။

"အခု သူယူတဲ့ မိန်းမကို အေးနုသိသလား"

"သိပါတယ်"

"အရွယ်က ဘယ်လောက်ရှိပြီလဲ။ ငယ်ငယ်လေးလား"

"မငယ်ပါဘူး။ သုံးဆယ့်လေး၊ သုံးဆယ့်ငါးလောက်ရှိမယ်"

"တစ်ခုလပ်တို့၊ မုဆိုးမတို့လား"

"မဟုတ်ပါဘူး။ အပျိုကြီးပါ"

"သူ့စရိုက်နဲ့ စိတ်နေသဘောထားက ညံ့သလား၊ လျှပ်ပေါ်လော်လည်တာမျိုး စသည်ဖြင့် အေးနု မကြိုက်လောက်တဲ့ စရိုက်မျိုးတွေ ပါသလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ ရိုးပါတယ်။ အေးနုတို့နဲ့လဲ ရင်းရင်းနှီးနှီးကြီး မဟုတ်လှပေမဲ့ သိကြကျွမ်းကြပါတယ်"

"အေးနုရဲ့ ဖေဖေမဟုတ်ဘဲနဲ့ တခြား အေးနုချစ်တဲ့ ဦးလေးတို့လို၊ အစ်ကိုကြီးတို့လို လူမျိုးနဲ့ဆိုရင် အေးနု သဘောတူနိုင်စရာ ရှိသေးသလား"

အေးနု ဘာမျှမပြောဘဲ ငြိမ်နေပါသည်။

"ဆရာ နားလည်နိုင်ပါတယ်လေ။ အေးနုက အမျိုးသမီးကို မနှစ်သက်တာ မဟုတ်ဘူး။ ဖေဖေ အိမ်ထောင်ပြုတာကိုသာ စိတ်ထိခိုက်နေတာပေါ့"

ဘာမှပြန်မပြောဘဲ ငြိမ်နေပြန်သည်။

"အေးနုတို့ မေမေ ဆုံးသွားစဉ်ကလဲ ငယ်ငယ်ရှိနေသေးတာပဲ။ အဲဒီတုန်းကတော့ အိမ်ထောင်မပြုခဲ့ဘူး မဟုတ်လား။ အခု ဆယ်နှစ်ကျော်မှ . . ."

"ဟုတ်ပါတယ် ဆရာရယ်၊ ဆယ်နှစ်လောက်တောင် နေခဲ့ပြီးမှ ခုမှ မိန်းမယူရသေးသလား ဆိုတာကို . . ."

ဆက်မပြောတော့ဘဲ ဒေါသကလေးနှင့် ငိုပြန်ပါသည်။ ကျွန်တော်ကလည်း ဘာမှမပြောသေးဘဲ သူ့အငိုစဲအောင် စောင့်နေလိုက်ပါသည်။ ပြီးမှ -

"အေးနု၊ ဆယ်နှစ်လောက်တောင် နေခဲ့ပြီးမှ မိန်းမယူရသေးသလားလို့ စဉ်းစားတယ်နော်။ အိမ်ထောင်မပြုဘဲ ဆယ်နှစ်တောင် နေခဲ့ရှာသေးတယ်လို့ ပြင်ပြီး တခြားမျက်နှာစာက မစဉ်းစားနိုင်တော့ဘူးလား အေးနုရယ်"

ကျွန်တော် ဆက်မပြောဘဲ ရပ်ထားလိုက်ပါသည်။ အတော်လေးကြားမှ -

"အေးနုရယ် . . . ဆရာပြောသလို နောက်အိမ်ထောင်မပြုဘဲ ဆယ်နှစ်တောင်နေခဲ့ရှာတယ်ရယ်လို့ မျက်နှာစာပြောင်းပြီး မတွေးချင်ဘူးလား ကလေးရယ်"

သူရော၊ ကျွန်တော်ရော ဘယ်သူမှ စကားမပြောမိဘဲ ငြိမ်နေကြပါသည်။ အတော်လေးကြာမှ ကျွန်တော်က -

"မေမေ ဆုံးစဉ်အခါက သူ့အသက်က ငယ်ငယ်ရှိသေးတာပဲ။ သူလိုလူမျိုးကို လက်ဆက်ချင်တဲ့ အမျိုးသမီးတွေ

ဘာတွေ ရှိခဲ့မှာပေါ့။ မကြုံခဲ့ဘူးလား"

အေးနုက ခဏမျှ တွေနေပြီးနောက် ခပ်လေးလေး -

"ရှိခဲ့ကြပါတယ်။ အေးနုတို့ မေမေ့ဘက်က ဆွေမျိုးတွေကတောင် တခြားမတော်တရော်မိန်းမနဲ့ ရသွားမှာစိုးလို့ဆိုပြီး အိမ်ထောင်ပြုဖို့ သူတို့ သဘောတူကြတဲ့ အမျိုးသမီးတွေနဲ့ တီးခေါက်ကြည့်ပါသေးတယ်"

"သူက လက်မခံခဲ့ဘူး မဟုတ်လား။ ဘယ်မှာ လက်ခံပါ့မလဲ။ သူချစ်တဲ့သမီးလေး အေးနုမှ လူလားမမြောက်သေးပဲကိုး။ သမီးလေး လူလားမြောက်အောင် ဘွဲ့ရအောင် သမီးလေး အဖေ့ကို နားလည်နိုင်သည်အထိ ရင့်ကျက်လာအောင် စောင့်နေခဲ့ရှာတာ ဖြစ်မှာပေါ့"

အေးနု ဘာမှပြန်မပြောဘဲ ငိုင်ငိုင်တွေတွေ ဖြစ်နေပါသည်။

"အေးနုဖေဖေက အသက်လေးဆယ့်လေးနှစ် ဆိုတော့ သူလဲ ငယ်ငယ်ပဲ ရှိပါသေးတယ်။ အေးနုအဖို့မှာတော့ ဖေဖေဟာ အသက်ကြီးလှပြီလို့ ထင်နေမှာ။ ဒီလိုပါပဲ ခြောက်တန်း၊ ခုနစ်တန်းလောက်က ကလေးတွေကဆိုရင် အေးနုတို့လို အရွယ်မျိုးကို ရောမမိန်းမကြီးတွေလို့ ထင်ကြတာပဲ။ ဆရာလဲ အသက်ငါးဆယ်ကျော်ပြီ။ အေးနုတို့ ဖေဖေဟာ ဆရာ့အနေက လှမ်းကြည့်လိုက်တော့ ငယ်ရှာပါသေးတယ်"

အေးနု ဘာမှပြန်မပြောပါ။

"အေးနုကိုကော လှမ်းပြီး အိမ်ထောင်ပြုမယ့်အကြောင်း ပြောမပြဘူးလား"

"စာလှမ်းပြီး ရေးပါတယ်။ ဆရာပြောသလိုပါပဲ။ အေးနု ငယ်သေးလို့ အိမ်ထောင်ရေးကို မစဉ်းစားခဲ့တဲ့အကြောင်း၊ ခုတော့ဖြင့် သမီးလဲ လူလားမြောက်လာတဲ့အပြင် သူ့မှာလဲ နေမကောင်းထိုင်မသာဖြစ်တာကအစ ဆေးပေးမီးယူ ဆိုသလို အခက်အခဲတွေရှိတဲ့အကြောင်း"

"ဟုတ်တယ် - အေးနုရဲ့။ အေးနုကတော့ ကျောင်းမှာ သူငယ်ချင်းတွေ၊ ဘာတွေနဲ့ ပျော်ပျော်ပါးပါး နေနိုင်ပေမဲ့ သူ့မှာ တော့ စားရသောက်ရတာကအစ ဖြစ်သလိုနေရတာ ဘယ် လောက်ကြာခဲ့ပြီလဲ။ ဆရာကတော့ အေးနုဖေဖေကို မမြင်ဘူး ပေမဲ့ လေးစားမိတာပဲ။ သူ့တာဝန်ကျေရှာသားပဲ။ အဲဒီလို ဖအေ့တာဝန်ကို နားမလည်တဲ့ ကျေပွန်အောင် မကြိုးစားချင်တဲ့ လူတွေဟာ လောကမှာ အများကြီးရှိသေးတာကို အေးနုလဲ တွေ့ဖူးမြင်ဖူးမှာပါ။ ကဲပါ . . . အေးနုရယ်၊ ရှမ်းပြည် နယ်ဘက်ကို စိတ်ပြေလက်ပျောက် လိုက်သွားချင်ရင်လဲ လိုက် သွားပါ။ အကြာကြီးမနေပါနဲ့။ ထင်ရာမြင်ရာတွေလဲ လျှောက် ပြီး လုပ်မနေပါနဲ့။ အေးနုဖေဖေခမျာမှာ တစ်ဦးတည်းသော သမီးချစ်ကလေးက သူ့ကို ခွင့်မလွှတ်ဘဲ ပစ်သွားရက်ရှာလေပြီ ရယ်လို့ စိတ်ဆင်းရဲနေရှာရော့မယ်။ အေးအေးဆေးဆေး၊ တွေးတွေးဆဆလုပ်ပါ။ အေးနုရဲ့ ဖေဖေလုပ်သလို ချင့်ချင့် ချိန်ချိန် လုပ်ပါကွယ်။ ရှမ်းပြည်နယ်မှာ သိပ်ကြာကြာကြီး မနေပါနဲ့။ ဖေဖေခမျာမှာ သမီးလေးရဲ့ စီရင်ချက်ကို စောင့်နေ ရသလို ဖြစ်နေပါ့မယ်"

အေးနုက နှုတ်ကလည်း ဘာမှမပြောပါ။ ခေါင်းညိတ်၊ ခေါင်းခါလည်း မပြပါ။ အတော်လေးကြာမှ "ပြန်တော့မယ်" ဆိုပြီး ကျွန်တော့်ကို ရိုရိုသေသေ ကန်တော့ပါသည်။ ကျွန်တော်က ဆုပေးလိုက်ပါသည်။ ဆုပေးသည့်အထဲတွင် မိမိအပေါ် ချစ်ခင်ကြင်နာတာဝန်ကျေခဲ့ရှာသည့် ဖခင်အား စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှုကို ဖန်တီးပေးနိုင်သည့် သမီးကောင်း၊ သမီးမြတ် ဖြစ်ပါစေဟူသော ဆုမျိုးကိုပါ ထည့်ပေးလိုက်သည်ကို မှတ်မိနေပါသေးသည်။

သူ့ကို ကျောင်းအောက်ရောက်သည်အထိ လိုက်ပို့ရင်း -

"ဖေဖေက အိမ်ထောင်ပြုလိုက်တော့ သူ့မှာ အပြစ်ကျူးလွန်တာ မဟုတ်ပါဘဲလျက် အပြစ်ရှိနေတဲ့ ဖခင်လို့ ခံစားနေရှာမှာပဲ။ ဒါကြောင့် အေးနုကို ချော့တဲ့သဘော၊ ဖြေသိမ့်တဲ့သဘော၊ တစ်နည်းအားဖြင့် အလျှော်ပေးနေရှာတဲ့ သဘောမျိုးနဲ့ အလိုလိုက်ရှာပါလိမ့်မယ်။ အဲဒီအခါမှာလဲ အေးနုက မတရား အခွင့်အရေးတွေ မယူပါနဲ့။ အေးလေ - အေးနုက လိမ္မာပါတယ်။ ဒီလိုလုပ်မှာတော့ မဟုတ်ပါဘူး။ စကားအဖြစ်သာ ပြောရတာပါ။ နောက်ပြီး ဖေဖေ့ ဇနီးကိုလဲ မရိုမသေ မလုပ်ပါနဲ့။ တကယ် စဉ်းစားကြည့်ရင် နောင်အခါ အေးနုအလုပ်တွေ အကိုင်တွေနဲ့ တစ်မြို့တစ်ရွာမှာ သွားပြီးနေရမယ်ဆိုရင်တောင်မှ ဖေဖေ့အတွက် စိတ်အေးသင့်သလောက် အေးရသေးတာပဲ မဟုတ်လား။ အဲဒီလိုပဲ သူ့ကျေးဇူးတရားကို ကြည့်ဦးနော်"

နောက်တစ်လလောက်ကြာတော့ အေးနုဆီက စာ

တစ်စောင် ရောက်လာပါသည်။ ပထမ ထူထူပူပူဖြစ်နေစဉ်က အိမ်ကိုပင် မပြန်တော့ဘဲ ရှမ်းပြည်နယ်မှာပင် သင့်ရာအလုပ် တစ်ခုကို ဝင်လုပ်တော့မည်ဟု အောက်မေ့ထားခဲ့သော်လည်း ကျွန်တော့်စကားများကို ကြားရပြီးနောက် ဆုံးဖြတ်ချက်ကို ပြင်ခဲ့ကြောင်း၊ သူ့ဖခင် စိတ်ပူနေမည်စိုးသောကြောင့် ရှမ်းပြည် နယ်ကပင် စာတစ်စောင်ပြေပြစ်စွာ ရေးလိုက်သေးကြောင်း၊ ဖခင်၏ ဇနီးအသစ်ကိုလည်း (ဖခင်စိတ်ချမ်းသာအောင်) ရိုသေစွာ နှုတ်ဆက်စကားရေးလိုက်ကြောင်း စသည်တို့ ပါလာသဖြင့် ကျွန်တော့်မှာ ဝမ်းမြောက်ပီတိ ဖြစ်လိုက်ရပါသည်။

ဤသို့နှင့်ပင် အေးနုနှင့် ပတ်သက်သော သတင်းစကားများမှာ ကျွန်တော်နှင့် အဆက်ပြတ်သွားပါသည်။ ကျွန်တော်လည်း တစ်ခါတစ်ရံမှသာ သတိရလိုက်တတ်သော်လည်း မေ့မေ့ပျောက်ပျောက် ဆိုမတတ် ရှိခဲ့ပါသည်။

၁၉၈၄ခုလောက်တွင် အထက်မြန်မာပြည်ရှိ မြို့တစ်မြို့သို့ ကျွန်တော် ရောက်သွားသောအခါ အေးနုကို ပြန်တွေ့ရပါသည်။ ကျွန်တော်ပါလာမည်ကို သိနေ၍ လာပြီး စောင့်ကြိုသည့်အထဲတွင် သူ ပါလာပါသည်။

ဇွတ်အတင်းကပ်ပြီး ပူဆာကာ သူ့အိမ်ကို လိုက်ခဲ့ရန် ခေါ်နေသောကြောင့် စာပေကော်မတီကို ခွင့်ပန်ပြီး လိုက်သွားခဲ့ရသည်။ လမ်းလျှောက်လာရင်း သူ့ဇာတ်လမ်းအစုံကို ပြောပြသည်။ သူ့ဖခင်မှာ နောက်အိမ်ထောင်ပြုပြီး (၆)နှစ် လောက်အကြာတွင် ကွယ်လွန်သွားသည်။ သူ့မိထွေးဒေါ်စိန်မြက

အလွန့်ကို ရိုးသည်။ အလွန့်ကို စိတ်ရင်းကောင်းသည်။ အေးနုကို ချစ်ရုံမျှမက အထင်ကြီးသည်။ အထင်ကြီးရုံမျှမက အားလည်း ကိုးသည်။ ဘာကိစ္စလေးမဆို အေးနုကို တိုင်ပင်ပြီးလုပ်မှ မှန်ရာရောက်မည်ဟု ထင်သည်။ ယခု ဤမြို့သို့ အေးနုက အထက်တန်းပြဆရာမအဖြစ် ပြောင်းလာရခြင်း ဖြစ်သည်။ သူ့ဖေဖေ ကွယ်လွန်သွားသော်လည်း ဒေါ်စိန်မြက အေးနုကို မခွဲနိုင်တော့။ ခင်ပွန်းဖြစ်သူက သူ့အတွက် သီးခြားဆင်ထားခဲ့သော အတွင်းပစ္စည်းများကိုလည်း သူ့ပစ္စည်းဟု သဘောမထား၊ အေးနုကိုသာ ပုံအပ်ထားသည်။ အေးနုကိုသာ ပေးထားလိုက်ခြင်း ဖြစ်သည်။

အေးနု၏ ဖခင်နှင့် သားကလေးတစ်ယောက် ရခဲ့သေးရာ ကွန်တော်နှင့်တွေ့တော့ ရှစ်နှစ်သားလောက်ရှိပြီ။ အေးနုကို မမကြီး၊ မမကြီးနှင့် အလွန်ချစ်ရှာပုံရသည်။

အိမ်ရောက်သွားတော့ ဒေါ်စိန်မြက ပျာပျာသလဲ ဝမ်းသာအားရ ကြိုရှာသည်။ ရုပ်ကို မြင်လိုက်သည်နှင့် အလွန်ရိုးသား၊ သဘောကောင်းသူတစ်ယောက် ဖြစ်ကြောင်း၊ သည်းခံစိတ်၊ မေတ္တာစိတ်ပြည့်ဝသူ ဖြစ်ကြောင်း သိသာလှပါသည်။

စားစရာတွေကလည်း စုံနေပါသည်။ သူတို့က ထမင်းကျွေးချင်ကြသေးသည်။ အခြားစာရေးဆရာများနှင့် အတူစားကြရန် ကော်မတီက စီစဉ်ထားပြီးဖြစ်ကြောင်း ပြော၍ မနည်းငြင်းခဲ့ရပါသည်။

စားသောက်နေစဉ်အတွင်း၌ပင်လျှင် လုံချည်တစ်ထည်၊

ဖိနပ်တစ်ရန်ချပြီး အေးနုက ကျွန်တော့်ကို ကန်တော့ပါသည်။ ဤသည်တွင် ဒေါ်စိန်မြလည်း တရိုတသေထိုင်ပြီး ကန်တော့မည်လုပ်တော့ ကျွန်တော်က ရုတ်တရက် မနေတတ်၊ မထိုင်တတ် ဖြစ်သွားသောအခါ ဒေါ်စိန်မြက -

"ကန်တော့ပါရစေ ဆရာ၊ ဆရာ့ကျေးဇူး ကျွန်မအပေါ်မှာ အများကြီး ရှိပါတယ်။ ကျွန်မက အစ်ကိုကြီးနဲ့ အိမ်ထောင်ပြုလိုက်တော့ နုအတွက် အလွန်ကို စိတ်ပူပြီး တထိတ်ထိတ်နဲ့ ကြောက်နေခဲ့မိတယ်။ အဆင်မပြေရင်တော့ ဒုက္ခပဲပေါ့။ နုက သူ့ကို ဆရာဆုံးမလိုက်တာတွေ အကုန်ပြန်ပြောပါတယ်။ ပထမ ရှမ်းပြည်နယ်မှာပဲနေပြီး ပြန်မလာတော့ဘဲ ဟိုမှာ အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့မိတာ။ ဆရာ့ကြောင့် အိမ်ကိုပြန်လာ ဖြစ်တာတဲ့။ သူ ပြန်လာတော့ ကျွန်မလေ ဝမ်းသာလိုက်တာ ဆရာရယ်။ ကျွန်မက နုတို့လို ပညာတွေဘာတွေလဲ သိပ်တတ်တာ မဟုတ်ဘူး။ အစ်ကိုကြီးဆုံးသွားတဲ့ အခုလိုအခြေအနေမျိုးမှာ နုသာ ကျွန်မနဲ့ အတူမရှိခဲ့ရင် ကျွန်မမှာ ဒီကလေးတစ်ကောင်နဲ့ - "

ပြောနေရင်းပင် ဒေါ်စိန်မြ မျက်ရည်ကျလျက် ရှိုက်လာပါသည်။ အေးနုက "ကဲပါ . . . အန်တီကလဲ ငိုမနေပါနဲ့။ ငိုစရာမှ မဟုတ်တာ" ဟု ပြောလိုက်မှ မျက်ရည်တွေကို သုတ်လိုက်ပြီး နောက်ထပ်ကျလာသော မျက်ရည်များနှင့် ရယ်လိုက်မောလိုက်ရင်း -

"ဟုတ်ပါရဲ့၊ အလကားနေရင်း ဆရာတောင်စိတ်မ

ကောင်းဖြစ်သွားသလား မသိဘူး။ စားပါဦး ဆရာရဲ့ လက်ဖက်ရည်လဲ သောက်ပါဦး။ ကျွန်မက နုကို သိပ်ချစ်တာပဲဆရာ။ ကျေးဇူးလဲ သိပ်တင်မိတာပဲ၊ ကျွန်မ သားလေးဆိုရင် သူ့ကြောင့် စာလဲ သိပ်တော်တာပဲ။ ဆရာ့ကျေးဇူးပါ ဆရာရယ်။ ကျွန်မမှာ မမြင်ဘူးဘဲနဲ့ကို ကြည်ညိုနေရတာ။ ကျွန်မက စာတွေဘာတွေ တော့ သိပ်ပြီး ဝါသနာမပါလှပါဘူး။ ဒါပေမဲ့ ဆရာလဲ ဟောမယ်ဆိုတာနဲ့ ဒီနေ့ညတော့ သွားကို နားထောင်မယ်လို့ ပြောထားရတယ်"

ပြောရင်း ရယ်ရင်းကပင် မျက်ရည်ကလည်း သုတ်နေရသေးသည်။

"အန်တီက ကျွန်မကို သိပ်ပြီး ဂရုစိုက်ပါတယ် ဆရာရယ်။ ဒါပေမဲ့ ကျွန်မ လုံချည်တွေ၊ ဘာတွေကိုတောင် ယူယူပြီး လျှော်တာကျတော့ ကျွန်မက မကြိုက်ဘူး။ ကျွန်မအဖို့ အကုသိုလ် ရောက်တော့မှာပေါ့"


"ဘယ်ဟုတ်မလဲ နုရယ်။ နုကိုယ်တိုင်က အလုပ်တွေ များနေတဲ့အခါ ဒီလိုပဲ သင့်ရာသင့်ရာ နီးစပ်ရာက လုပ်ရတာ ပေါ့။ အဲဒါကြောင့်တော့ဖြင့် နုမှာ ငရဲမကြီးနိုင်ပါဘူး၊ ဟုတ်ဖူးလား ဆရာရယ်"

နောက်တစ်နေ့ ကျွန်တော်တို့ ပြန်ကြတော့ ဘူတာရုံ လိုက်ပို့သူများတွင် အေးနု၏ မိထွေးဒေါ်စိန်မြတစ်ယောက် လည်း ပါပါသည်။ အခြားသော စာပေသမားများ၊ မိတ်ဆွေများ ထဲတွင် ဒေါ်စိန်မြ မတိုးနိုင်ပါ။ မီးရထားထွက်တော့ အားလုံးက

လက်ပြနှုတ်ဆက်ကြပါသည်။ မျက်ရည်ဝေ့သလိုလို မျက်လုံးနှင့် ခပ်ကြောင်ကြောင်ကလေး ကြည့်နေသော ဒေါ်စိန်မြကို ကျွန်တော်က "ဒေါ်စိန်မြ သွားတော့မယ်နော်" ဟု နှုတ်ဆက်လိုက်တော့မှ "ဟုတ်ကဲ့ . . . ဟုတ်ကဲ့" ခေါင်းကလေး ညိတ်ညိတ်ပြီး ပြန်ပြောပါသည်။

ကျွန်တော့်မှာ ယခုတိုင် သူတို့ကန်တော့လိုက်သော လုံချည်ကလေး ရှိနေသေးရာ ထိုလုံချည်ကလေးကို တွေ့လိုက်တိုင်း ဝမ်းနည်းသလိုလို ဝမ်းသာသလိုလို ကြည်နူးသလိုလို ခံစားမိတတ်သည်မှာ ယခုတိုင်ပင် ဖြစ်ပါသတည်း။

●



# ဘဝပစ်မှတ်

ယခင်တစ်ပတ် ရုပ်ရှင်ကြေးမုံ 'တစ်ခါတုန်းက တပည့်တွေ' 'အခြားသော မျက်နှာစာ' အေးအေးနု အကြောင်းကို ရေးနေရင်းကပင်လျှင် ကျွန်တော့်မှာ မောင်မောင်ခင်ကို ကွက်ခနဲ၊ ကွက်ခနဲ သတိရမိခဲ့ပါသည်။ အခြားကြောင့် မဟုတ်ပါ။ မောင်မောင်ခင်၏ အဖြစ်ကလည်း အေးအေးနု၏ အဖြစ်မျိုးနှင့် ခပ်ဆင်ဆင် တူနေသောကြောင့် ဖြစ်ပါသည်။ တစ်ခုခြားနားသည်က အေးအေးနုမှာ ဖခင်ကြောင့် ပြဿနာပေါ်ခဲ့ရခြင်းဖြစ်၍ မောင်မောင်ခင်၏ ပြဿနာမှာ မိခင်ကြောင့် ပေါ်လာခဲ့ရခြင်း ဖြစ်သည်။

ငွန်ပွင့်စာအုပ်တိုက်

မောင်မောင်ခင်ကို ကျွန်တော်၏ တပည့်ဟု ဆိုရသော်လည်း အေးအေးနုကဲ့သို့ တက္ကသိုလ်တပည့်ဟု မခေါ်သာပါ။ ဆယ်တန်းတပည့်ဟု ခေါ်ရမည် ထင်ပါသည်။

မောင်မောင်ခင်တို့ သားအမိနှင့် ကျွန်တော် သိကျွမ်းခဲ့သည်မှာ ရန်ကုန်မြို့တွင် မဟုတ်၊ နယ်မြို့တွင် သွားရောက်အမှုထမ်းနေစဉ်က ဖြစ်သည်။ သူ၏ မိခင်ဖြစ်သူ မကြင်မြင့်ကို အသက်သုံးဆယ်ပင် မပြည့်တတ်သေးသော သားတစ်ယောက်အမေ မုဆိုးမ မိန်းမချောလေးအဖြစ် သိကျွမ်းခဲ့ရသည်။ သူ၏ ဦးလေးက စာပေဝါသနာအိုးတစ်ယောက်ဖြစ်သောကြောင့် သူနှင့်ပတ်သက်ပြီး ခင်မင်ခဲ့ရခြင်း ဖြစ်သည်။ ထိုစဉ်အခါက မောင်မောင်ခင်မှာ အသက်(၉)နှစ်သားလောက်မျှသာ ရှိဦးမည်ထင်သည်။ မောင်မောင်ခင်၏ ဖခင်မှာလည်း အရာရှိငယ်တစ်ယောက်ပင် ဖြစ်သည်။ မောင်မောင်ခင် မွေးကင်းစလောက်မှာပင် ကွယ်လွန်သွားသောကြောင့် မကြင်မြင့်က ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမလေးဖြစ် ကျန်ရစ်ခဲ့ရရှာသည်။

မကြင်မြင့်မှာ အသားဖြူဖြူ၊ မျက်လုံးလှလှ၊ အရပ်က ခပ်ပျပ်ပျပ်။ အရပ်က ခပ်ပျပ်ပျပ်ပင် ဖြစ်သော်လည်း သူ့ကိုယ်လုံး အနေအထားက လိုက်လျောပြေပြစ်သောကြောင့် ကိုယ်ပေါက်ကိုယ်ရောက်လှသည်ဟု ဆိုနိုင်သည်။ သူ့အရပ်အမောင်းနှင့် ရုပ်ရည်ကို ကြည့်ပြီး ကျွန်တော်က "နင် အငြိမ့်မင်းသမီးလုပ်ရင် တော်တော်စားသာမယ်ဟ"ဟု ကျီစားလိုက်လျှင် "ဆရာကလဲ သီချင်းတစ်ပုဒ်တောင် ကောင်းကောင်း

မဆိုတတ်တာကြီးကို”ဟု ရယ်ကာမောကာ ပြန်ပြောတတ်ပါသည်။ မကြင်မြင့်သည် အပြောအဆို၊ အနေအထိုင်တွင် သတိပြုမိလောက်အောင် မွန်ရည်သိမ်မွေ့သော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

ကျွန်တော် ရန်ကုန်သို့ ပြန်ပြောင်းလာရသောအခါ သူတို့နှင့် အဆက်ဝေးသွားသည်။ သုံးလေးနှစ်ခန့်ကြာတော့ မကြင်မြင့်တစ်ယောက် အိမ်ထောင်ပြုလိုက်ကြောင်း ကြားရသည်။ သူ့ခင်ပွန်းကလည်း အရာရှိတစ်ယောက်ဖြစ်လျက် မွန်မွန်ရည်ရည် လူရိုး၊ လူကောင်းတစ်ယောက် ဖြစ်သည်ကိုလည်း ကြားရပါသည်။

သူတို့လက်ထပ်ပြီး တစ်နှစ်လောက်ရှိတော့ ရန်ကုန်သို့ ပြောင်းလာရသည်ဟု ကြားရသည်။ သို့သော် ဘယ်မှာနေကြမှန်း မသိလောက်အောင် အနေဝေးသွားကြပါသည်။ တစ်နေ့တွင်တော့ မကြင်မြင့်ကိုယ်တိုင် သူ့သား မောင်မောင်ခင်နှင့်အတူ ကျွန်တော့်ဌာနသို့ ပေါက်လာသည်။ သားအမိနှစ်ယောက်လုံး ကျွန်တော့်ကို တွေ့လိုက်ရတော့ ဝမ်းသာအားရဖြစ်ကြပြီး ရှေးကအတိုင်း ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ရှိကြသည်။

နောက်ဆုံးတော့ ဆယ်တန်းရောက်နေပြီဖြစ်သော မောင်မောင်ခင်ကို စာသင်ပေးပါရန် တောင်းပန်ခြင်း ဖြစ်သည်။ ကျွန်တော်လည်း မိတ်ဆွေဟောင်းတွေ ဖြစ်သောကြောင့် ဘတ်စ်ကားနှစ်တန်စီးပြီး သွားသင်ပေးရပါသည်။ မကြင်မြင့်၏

ခင်ပွန်း ကိုဘခင်ကလည်း ရည်ရည်မွန်မွန်ပါပဲ။ မကြင်မြင့်တို့ သားအမိကို အတော်လေး ဂရုတစိုက်ကြင်ကြင်နာနာ ရှိပုံရပါသည်။ သို့သော် မောင်မောင်ခင်ကတော့ ခပ်မှုန်မှုန်နေသည်ကို သတိပြုလိုက်မိသည်။ ကလေးအရွယ် လွန်မြောက်လာသောကြောင့် အနေအထိုင်ပြောင်းသွားသည်ထင်ရဲ့ဟု အောက်မေ့လိုက်မိသည်။

တစ်နေ့တွင်တော့ မကြင်မြင့်တစ်ယောက် ကျွန်တော့်ထံ ပေါက်လာပြီး မျက်ရည်စမ်းစမ်းနှင့် ရင်ဖွင့်ပါလေတော့သည်။ မောင်မောင်ခင် (၉)တန်းတက်စတွင် သူက အိမ်ထောင်ပြုလိုက်သည်။ ရှိသမျှပစ္စည်းကလေးများကလည်း ပါးလျားစပြုလာပြီ။ အစစသော အခြေအနေက အိမ်ထောင်ပြုရန် တွန်းပို့လာသောကြောင့် အိမ်ထောင်ပြုလိုက်ရသည်မို့ သားကလေး မျက်နှာမငယ်အောင် မညိုးအောင် အထူးဂရုစိုက်ပါသည်။ သို့သော် သားက ရှေးကကဲ့သို့မဟုတ်တော့ဘဲ နည်းနည်းစိမ်းသွားသလို ရှိလာသည်။ ပင်ကိုအားဖြင့် သိမ်မွေ့သောကလေးဖြစ်၍ ဆူလားဆောင့်လား မဟုတ်သော်လည်း စိမ်းသွားသလိုလိုရှိကြောင်း မအေက ကောင်းစွာ သိနေသည်။

မကြင်မြင့်စိတ်ကို ထိခိုက်စေသည့် ပဓာနအချက်မှာ စာကို အရင်ကလောက် မကြိုးစားတော့ဘဲ ပစ်ပစ်ခါခါလုပ်လာတတ်ခြင်း ဖြစ်ပါသည်။ စာကြိုးစားရန် သတိပေးသော်လည်း လေးလေးပင်ပင် ဂရုမစိုက်ချင်တော့။ လပတ်အစမ်းများတွင် တစ်လထက်တစ်လ အဆင့်နိမ့်လာရာ (၉) တန်း

စာမေးပွဲကို ဖျစ်ဖျစ်ညှစ်ညှစ် အောင်လာရသော အခြေသို့ ရောက်သွားလေတော့သည်။ အတန်းထဲတွင် အဆင့်သုံး အောက်သို့ တစ်ခါမျှမဆင်းခဲ့ဖူးသော ကလေးတစ်ယောက် ဤသို့ ဖြစ်သွားရသည်ကို ရင်နာလို့ မဆုံးနိုင်အောင် ဖြစ်နေသည်။

ဆယ်တန်းတွင်တော့ နောက်ဆုံးမေးခွန်းလွှာကိုပင် သွားပြီး မဖြေတော့ချေ။ သို့သော် စာမေးပွဲအောင်စာရင်း ထွက်လာသော နေ့တွင်တော့ တစ်နေ့လုံး အခန်းအောင်းလျက် ကြိတ်ပြီး ငိုနေကြောင်း မိခင်က သိလိုက်သည်။ အခန်းပြင်သို့ ထွက်လာလျှင်တော့ ဘာမှမထူးခြားသလို ဟန်ဆောင်နေသည်။ မိခင်ကတော့ ကိုယ့်သားအကြောင်းကို သေသေချာချာသိနေ သည်။ "သားရယ် ... ဒီနှစ် မအောင်ရင်လဲ နောက်နှစ် အောင်ရမှာပေါ့၊ ကြိုးစားပေါ့ သားရယ်" ဟု ယုယကြင်နာစွာ အားပေးပြန်တော့လည်း ဘာမှမပြော၊ မျက်လုံးကြောင်ကြောင် ကြီးနှင့် မျက်နှာကြက်ကိုသာ စိုက်ကြည့်နေသည်။ ဘာမှလည်း ပြန်မပြော။

သူ့အိမ်ထောင်ပြုလိုက်သည့်အတွက် ပျက်ပြားသွား သည့် မောင်မောင်ခင်၏ စိတ်ဓာတ်ကို ပြုပြင်ထိန်းသိမ်းပေး ရန် ကျွန်တော့်အား လာ၍ ရှိခိုးဦးတင် တောင်းပန်နေခြင်း ဖြစ်သည်။ ကျွန်တော် နားလည်ပါပြီ။ မောင်မောင်ခင်အား စာသင်ပေးရုံသာ မဟုတ်၊ 'စိတ်ကိုသင်'ပေးရန်ပါဖြစ်ကြောင်း၊ ထိုအခါကျတော့မှ ရေရေလည်လည် သဘောပေါက်သွားမိ ပါသည်။

ကျွန်တော် မောင်မောင်ခင့်ထံ မှန်မှန်ကြီး သွားပါသည်။ သို့သော် စာသင်သည်ထက် ထွေရာလေးပါး ပြောကြဆိုကြ ဆွေးနွေးကြသည်က ပိုပြီးများလာတတ်ပါသည်။ သူတို့လို အသက်အရွယ်မျိုးသည် အလွန်စွန့်စားချင်ကြသည်။ ကိုယ်တိုင်ကိုယ်ကျ သက်စွန့်ဆံဖျား မလုပ်ရလျှင် အတွေးအခေါ် စွန့်စားမှုကို စိတ်အားထက်သန်တတ်ကြသည်မှာ ဓမ္မတာ ဖြစ်ပါသည်။ ထို့ကြောင့် အတန်အသင့်လေးနက်သော ဘဝအတွေးအမြင်များ၊ လူမှုရေးအတွေးအခေါ်များကို အမှတ်မထင် လိုလိုနှင့် ထည့်သွင်းဆွေးနွေးခြင်း ပြုခဲ့ပါသည်။ အထူးသဖြင့် သူ့ကို လူလားမြောက်ရင့်ကျက်ပြီး အတွေးအခေါ် ကောင်းမွန်သူ လူငယ်တစ်ယောက်အဖြစ် အသိအမှတ်ပြုလျက် အပြန်အလှန် အမေးအမြန်း အပေးအယူပါသော ဆွေးနွေးမှုမျိုးဖြစ်အောင် ကြိုးစားခဲ့သည်။

ထိုအချက်များကို ပြည့်စုံအောင် ဖော်ပြနေလိုက်လျှင် လိုရင်းဇာတ်ကြောင်းကို လုံးဝရောက်တော့မည် မဟုတ်ပါ။ ထို့ကြောင့် သူနှင့် ကျွန်တော် နားလည်မှုရှိကြအောင် ကြိုးပမ်းခဲ့ပါသည်ဟုသာ ဆိုပါရစေတော့။ အထူးသဖြင့် အတွေးအခေါ် လေးလေးနက်နက်တို့ကို ဖော်ပြထားသည့် စာအုပ်များမှာ လွန်စွာအထောက်အကူ ဖြစ်လှပါပေသည်။ သူကလည်း ပင်ကိုအားဖြင့်ပင် စာဖတ်ဝါသနာပါသောကြောင့် စည်းရုံးသိမ်းသွင်းရန် မခက်လှခဲ့ပါ။

ဤသို့နှင့် သူတို့ကျောင်း ဥပုသ်နေ့ပိတ်ရက်တွင်

ကျွန်တော့်ဌာနသို့ လာရန် မှာထားလိုက်သည်။ သူရောက်လာတော့ သူနှင့်အတူ လက်ဖက်ရည်သောက်ကြ၊ စားကြ၊ စကားပြောကြ၊ သူက ကျွန်တော့်စာအုပ်ဗီရိုကို ဖွလိုက်မွှေလိုက်နှင့် တစ်နေကုန်သလောက်ပင်ရှိလျက် ညနေပိုင်းရောက်တော့ အင်းလျားစောင်းတွင် လမ်းလျှောက်ရင်း စကားပြောကြပြန်သည်။

ကျွန်တော်က ရုတ်တရက် -

"မောင်မောင်ခင် မင်းဟာ အတော်ဉာဏ်ကောင်းတဲ့ ကလေးတစ်ယောက်လို့ ငါ နားလည်ခဲ့တယ်။ တကယ် စာသင်ကြည့်လိုက်တော့လဲ ဉာဏ်ကောင်းတာ အမှန်ပဲ။ ဒါပေမဲ့ မင်းမှာ ပျော့ညံ့ချက်ကြီးတစ်ခု ရှိနေတယ်။ ငါတို့ ယောကျ်ားချင်း ပွင့်ပွင့် လင်းလင်းပဲ ပြောကြစို့ကွာ။ မင်းဟာ မင့်အမေ ယောကျ်ားယူလိုက်တာနဲ့ ပတ်သက်ပြီး အတော်လေး စိတ်အထာပျက်သွားတယ်လို့ ထင်မိတယ်"

သူ့မျက်နှာတော့ နည်းနည်းပျက်သွားသည်။ ဘာမှတော့ ပြန်မပြော။ ကျွန်တော့်ကိုလည်း မကြည့်။

"ငါတို့တစ်တွေမှာ ကိုယ့်အစ်ကို မိန်းမခိုးပြေးတယ်ဆိုရင် ဓမ္မတာလို့ပဲ သဘောထားလိုက်ကြပြီး ဘာမှမဆန်းသလိုနေကြပေမဲ့ ကိုယ့်အစ်မ လင့်နောက်လိုက်ပြေးတယ်ဆိုရင် ရှက်တတ်ကြတယ်။ တကယ်ဆိုတော့ အစ်ကို မိန်းမခိုးပြေးတာနဲ့ အစ်မ လင့်နောက်လိုက်ပြေးတာ သဘောချင်းကတော့ အတူတူပဲကွ။ အဲဒီလိုပဲ ကိုယ့်အဖေ နောက်အိမ်ထောင်ပြုတယ်ဆိုရင် စိတ်ပျက်ချင်ပျက်မှာ ဖြစ်သော်လဲ အမေက နောက်

အိမ်ထောင်ပြုလိုက်တယ်ဆိုရင် စိတ်ပျက်ရုံမက ရှက်တာပါ ရောလာတတ်တယ်။ အထူးသဖြင့် မင်းတို့လို အရွယ်ပေါ့ကွာ။ ကိုယ့်အပေါင်းအသင်းတွေကြားထဲမှာ ကြိတ်ပြီး ရှက်နေကြတာပဲ။ မင်းငယ်ငယ် ဟိုကလေးဘဝက မင်းအမေအိမ်ထောင်ပြုလိုက်ခဲ့ရင်တော့ မင်းမှာ ဘာပြဿနာမှ မဖြစ်နိုင်ဘူးပေါ့"

အင်းလျားကမ်းစပ်တွင် ထိုင်မိကြတော့ သူက ဘာစကားတစ်ခွန်းမျှ မဆိုဘဲ ရေထဲသို့ ခဲလုံးကလေးများကို ပစ်ကစားနေသည်။ ကျွန်တော်ကပင် ဆက်၍ -

"နောက်ပြီး မကြင်မြင့်မှာလဲ ရှိသမျှ စုဆောင်းထားတာလေးတွေကလဲ ကုန်စပြုလာပြီ။ ဘဝရှေ့ရေးကလဲ . . ."

သူက ခဲတစ်လုံးကို ရေထဲသို့ ခပ်ပြင်းပြင်းပစ်လိုက်ရင်း-

"ကျွန်တော်လဲ လူလားမြောက်ပါပြီ ဦးလေးရာ၊ ကျွန်တော်က လုပ်ကျွေးမယ်ဆိုရင် ကျွေးနိုင်ပါပြီ"

"အဲဒါကိုလဲ ငါ လက်ခံပါတယ်။ မင်း လုပ်ကျွေးမယ်ဆိုရင် ကျွေးနိုင်ပါတယ်။ ဒါပေမဲ့ ကျောင်းဆက်နေဖို့ဆိုတာကတော့ မဖြစ်နိုင်တော့ဘူး။ အလုပ်တစ်ဖက်နဲ့ စာမေးပွဲဖြေမယ်ဆိုတာမျိုးက အပြောသာလွယ်တာ၊ တကယ့်လက်တွေ့ကျတော့ ဘယ်လိုအလုပ်မျိုးလဲဆိုတဲ့ ပြဿနာကလဲ ရှိသေးတယ်။ မကြင်မြင့်က မင်းကို ပညာတွေအများကြီး တတ်စေချင်တယ်။ ကဲကွာ . . . ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းနဲ့ ငါ စကားချေတင် ပြောနေကြဖို့ ငါ လုံးဝမရည်ရွယ်ပါဘူး။ ဘဝပြဿနာကိုသာ ဓမ္မဓိဋ္ဌာန်ကျကျ ဆွေးနွေးကြရအောင်"

ကျွန်တော် သူနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ပြင်ထိုင်လိုက်သည်။

"မင်းတို့ မိသားစုအခြေအနေကို ကြည့်လိုက်မယ်ဆိုရင် ပထွေးနဲ့ နေရတယ်ဆိုတဲ့ သဘောကလွဲလို့ ဘာမှ ထွေထွေထူးထူး စိတ်ညစ်စရာ မရှိဘူး။ ငါ သတိထားမိသလောက်ကိုဘခင်လဲ တကယ့် လူကောင်းတစ်ယောက်ပါ။ ကဲ ... ဒါတွေ ထားလိုက်တော့။ ဒီလိုကွာ ငါ စစ်တက္ကသိုလ်မှာ အမှုထမ်းခဲ့စဉ်က ပြိုင်ပွဲဝင်သေနတ်ပစ်လေ့ကျင့်မှုနဲ့ ပတ်သက်တဲ့ စာတမ်းလေးတစ်စောင်ကို မိတ်ဆွေဗိုလ်ကြီးတစ်ယောက်က ဘာသာပြန်ပေးစမ်းပါဆိုလို့ ဘာသာပြန်ပေးခဲ့ရဖူးတယ်။

"ချိန်တာတွေ၊ အသက်အောင့်နည်းတွေ၊ ခလုတ်ညှစ်တာတွေကို ထားလိုက်တော့ကွာ။ ငါ့စိတ်ထဲမှာ စွဲနေတဲ့ သင်ခန်းစာတစ်ခုအကြောင်းကို ပြောချင်တယ်။ ပြိုင်ပွဲဝင်တာ မဟုတ်ဘဲ အပြင်မှာ ပစ်ကြပြီဆိုရင် ကမ္ဘာ့စံချိန်ထက် အမှတ်ကောင်းအောင် ပစ်နိုင်ကြတယ်တဲ့။ တချို့ ချန်ပီယံတွေတောင်မှ ချန်ပီယံသာ ဖြစ်သွားရော အပြင်မှာ ပစ်တဲ့ စံချိန်ကို မမီကြဘူးတဲ့။

"အဲဒါ ဘာကြောင့်လဲဆိုတော့ စိတ်လှုပ်ရှားမှု၊ စိုးရိမ်ကြောင့်ကြမှုကြောင့်ပဲတဲ့။ ပြိုင်ပွဲဝင်အားလုံးက တဒိုင်းဒိုင်းပစ်နေကြတဲ့အခါမှာ တခြားသူက ဗဟိုကို စွဲသွားလိုက်ပြီ ဆိုတာကို သိလိုက်ရင် ကိုယ်ပစ်တဲ့အခါ ထိမှထိပါ့မလားလို့ စိုးရိမ်သွားတတ်တယ်တဲ့။ စိုးရိမ်လိုက်ပြီဆိုရင် ထင်တိုင်းမပေါက်တော့

ဘူးဆိုတာ အသေအချာပဲတဲ့။

"တကယ်ဆိုတော့ ကိုယ်စိုးရိမ်နေတဲ့အတွက် သူများပစ်ခတ်မှုကို ဘာမှ အပြောင်းအလဲမဖြစ်စေနိုင်ဘူး။ ကိုယ့်ပစ်ခတ်မှုကိုသာ ပြောင်းလဲသွားစေနိုင်တယ်ဆိုတာကို ကျကျနန သဘောပေါက်ပြီး စိတ်အေးအေးထားနိုင်ဖို့လိုတယ်တဲ့။ သေနတ်ပစ်သင်ခန်းစာမှာ 'သေနတ်ချိန်တာထက် စိတ်ချိန်တာ ပိုခက်တယ်' ဆိုတာကို စွဲနေအောင် မှတ်ထားသင့်တယ်တဲ့။

"လက်တည့်တာချင်းတူရင် 'စိတ်တည့်' တဲ့ လူက အမှတ်ပိုကောင်းစမြဲပဲတဲ့။ ဒီတော့ မင်းကို ပြောချင်တာက ဘဝမှာလဲ ဒီလိုပဲကွ။ သူများဘဝနဲ့ ကိုယ့်ဘဝ နေရာတိုင်းမှာ အရောမခံနဲ့ကွ။ လူတွေဟာ အရောရော အထွေးထွေး နေကြပေမဲ့ ကိုယ်စီကိုယ်စီ သီးခြားဘဝတွေကွ။ မကြင်မြင့် လင်ယူတာနဲ့ပဲ မင်းက ဘဝပျက်ရမယ်ဆိုတော့ မင်းဟာက 'လူကြမ်းမပါဘဲနဲ့ အပူခန်းလုပ်'သလို ဖြစ်နေတယ်ကွ မောင်မောင်ခင်ရ"

ကျွန်တော်က ရယ်ရင်းမောရင်း အဆုံးသတ်လိုက်တော့ မောင်မောင်ခင်လည်း ပြုံးယောင်ယောင် ဖြစ်သွားပါသည်။

အပြန် လမ်းလျှောက်လာကြတော့ ကျွန်တော်က ဆက်၍ -

"ခုနက ငါပြောခဲ့တာတွေကို စဉ်းစားပေါ့ကွာ။ ဒါမျိုးဆိုတာက သတ်ပုံတို့ စာလုံးပေါင်းတို့ သင်သလို ဒါကို ယပင့်၊ ဒါကို သေးသေးတင် ဆိုတာမျိုးလို သင်လို့ရတာမျိုး မဟုတ်ဘူး။ ကိုယ့်ဘာသာ သဘောပေါက်အောင် စဉ်းစားယူရတာ။ သူများ

ကြီးပွားတာ ကောင်းစားတာကို မနာလိုဝန်တိုဖြစ်ပြီး ကိုယ့် 'ဘဝပစ်မှတ်' မလွဲစေနဲ့။ ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စအတွက် ကိုယ့် ဘဝပစ်မှတ်လွဲတာ မကောင်းဘူးကွ။ မင်းငယ်ငယ်လေးမှာ မင့် အဖေသေသွားလို့ မင်းရဲ့ ဘဝပြောင်းလဲသွားတာကျပြန်တော့ လဲ မင်းဘာမှ မတတ်နိုင်ဘူး မဟုတ်လား။ အဲဒါကို ထည့်မတွက် တော့ဘဲ ကိုယ်လုပ်စရာရှိတာကို ဆက်လုပ်ရပြန်တာပဲ။ အခုလဲ ဒီလိုပဲ ကိုယ့်ဘဝပစ်မှတ်ကိုသာ စိတ်အေးအေးထားပြီး ပစ်စမ်း ပါကွာ"

နောက်ပိုင်း မောင်မောင်ခင်ကို ဆက်ပြီး စာသင်ပေး တော့ ဤအကြောင်းများနှင့် ပတ်သက်၍ ဘာမှဆက်မပြော တော့ပါ။ သူ့ဘာသာ စဉ်းစားပစေဟု လွှတ်ထားလိုက်ပါသည်။ သို့သော် နောက်ပိုင်းတွင် စာကို အတော်လေး ကြိုးစားလာသော ကြောင့် ကျွန်တော့်စကားကို လက်ခံလာသည်ဟု ယူဆရပါသည်။

မောင်မောင်ခင်လည်း ကိုနှစ်မှာပင် ဆယ်တန်းကို လှလှ ပပ အောင်သွားပါသည်။ ကိုဘခင်မှာ လူချစ်လူခင်များသည် သာမက လေးစားမှုကိုပါ ခံယူရသည် ဖြစ်သောကြောင့် မောင်မောင်ခင် ဘွဲ့ရပြီး မကြာမီမှာပင် ကိုဘခင်၏ အစွမ်း အစအားဖြင့် အလုပ်အကိုင်ကောင်းကလေးတစ်ခု ရသွားပါ သည်။ ခုတော့ သည်အကောင်လည်း အိမ်ထောင်ကျပြီး ကိုဘခင်နှင့် မကြင်မြင့်တို့လည်း မြေးကလေးနှင့် မြူးနေကြပြီ။

ကျွန်တော် မောင်မောင်ခင်ကို ကြည့်ပြီး 'ဘဝပစ်မှတ်' ကို တည့်တည့်စွဲအောင် ပစ်နိုင်ခဲ့သည်ဟု အောက်မေ့လိုက်မိ

သည်။ ထို့ပြင် စစ်တက္ကသိုလ် အမှုထမ်းစဉ်က အမှတ်မထင် ဖတ်ခဲ့ရသော 'သေနတ်ပစ်သင်ခန်းစာ'ကလေးကလည်း 'ပစ်မှတ်ကို အထိသားပဲ' ဟု အောက်မေ့လိုက်မိပါသေးသည်။

●



## ကလေးတွေပို့ မှန်ပိုး

ဘသန်းမြင့်ကို တွေ့လိုက်တော့ ကျွန်တော် ရုတ်တရက်ပင် မမှတ်မိလိုက်။ ပြုံးကာရယ်ကာ နှုတ်ဆက်လိုက်တော့မှ သူ့ရုပ်ကို ဖမ်းလို့ရတော့သည်။ ကျောင်းတုန်းကနှင့် လုံးဝသီးခြားဖြစ်နေသည်။ ဘောင်းဘီ၊ စပို့ရှုပ်၊ နေကာမျက်မှန်၊ လက်ကိုင်အိတ်စသည့် သူတို့လိုကောင်လေးတွေ ဒီခေတ်တွင် ဝတ်ကြဆင်ကြသော ပစ္စည်းပစ္စယတွေနှင့်လို့သာ ပြောပါရစေတော့။ သူတို့၏ ပစ္စည်းတွေ ဘယ်ဟာကဘယ်လောက် အဖိုးတန်သည်ကို ကျွန်တော် လုံးဝနားမလည်။ ပြောရလျှင်လည်း ရှက်စရာပါ။ သို့သော် ပြောလိုက်ရပါဦးမည်။

ငွန်ပွင့်စာအုပ်တိုက်

မကြာသေးမီက ကျွန်တော့်တပည့်တစ်ယောက်က ရှပ်တစ်ထည် ယူလာပြီး ကန်တော့သွားသည်။ ကျွန်တော်ကတော့ သာမန်ပါပဲ။ ကျွန်တော့်သားများက သူတို့အဖေ၏ အရည်အချင်းကို စမ်းသပ်ချင်လေသလား မသိ။ "ဖေဖေ အဲဒီရှပ် ဘယ်လောက်ပေးရမလဲ ထင်သလဲ"တဲ့။ ကျွန်တော်ကလည်း သည်ကောင်တွေ မေးကတည်းက အတော်လေး တန်ဖိုးရှိလို့ ဖြစ်မှာပဲဟု တွေးပြီး "တစ်ရာ့ငါးဆယ်၊ နှစ်ရာအောက်တော့ မလျော့ဘူးထင်တယ်ကွ"ဟု ပြောလိုက်ရာ သူတို့က ဝိုင်းရယ် လိုက်ကြပြီး "ဖေဖေ အဲဒီတံဆိပ်နဲ့အင်္ကျီကို ခုသွားပြီး ရောင်းရင် ငါးရာလောက်ရနိုင်တယ်"ဟု ပြောလိုက်မှ သူတို့ အဝတ်အစားတွေကို ကျွန်တော် လန့်သွားသည်။

ထို့ကြောင့် ဘသန်းမြင့်၏ ပစ္စည်းပစ္စယအကြောင်း ကျကျနန ဘာမျှမပြောနိုင်ပါ။ သို့သော် သည်ကောင် အတော့်ကို ဟန်ကျပန်ကျ ဖြစ်နေကြောင်းတော့ဖြင့် ကောင်းကောင်းကြီး သိသာနေပါသည်။

ကျောင်းတုန်းက ဘသန်းမြင့်ကို ပြန်ပြီး သတိရမိသည်။ သူ၏ အိမ်အခြေအနေမှာ အတန်အသင့် နွမ်းပါးဟန်ရှိသည်။ ကျောင်းလခလား၊ စာမေးပွဲကြေးလား မမှတ်မိတော့၊ တစ်ခါ နှစ်ခါလောက်လည်း ကျွန်တော့်ထံ ခေတ္တခဏ ငွေလှည့်ဖူးသည်။ ပြန်တော့ အမြဲပေးပါသည်။ သူသည် စည်းကမ်းရှိသည်။ စာကိုတော့ အလွန်ကြိုးစားသူမျိုး မဟုတ်၊ မှန်မှန်စာကြည့်သည့် သဘောသာ ဖြစ်သည်။

ကျွန်တော် မှတ်မိတာတစ်ခု ရှိသေးသည်။ ကျွန်တော့် ဗီရိုကို ဖွင့်ပြီး ဘီစကစ်၊ ကိတ်ခြောက်စသည့် တိုလီမိုလီ မုန့်ကလေးတွေကို ရှာဖွေပြီး စားသွားတတ်သည်။ ထို မုန့်မျိုးဆို သည်မှာလည်း ကျွန်တော်ကိုယ်တိုင် စိတ်လိုလက်ရ ဝယ်ထား သည်က အလွန့်ကိုနည်းပါသည်။ ကျောင်းသူ ကောင်မလေး တွေက ဝယ်ခြမ်းလာကြပြီး "ဆရာ ဟောဒီမှာ" ဆိုပြီး ထည့် ပေးသွားသည်ကသာ များပါသည်။

"လာပါဆရာ၊ တစ်ခုခု စားကြရအောင်ပါ။ ဆရာနဲ့ ကြုံတောင့်ကြုံခဲ တွေ့ရတာပါ။ အိမ်ကိုလာရင်လဲ ဆရာ့ကို တွေ့ရတာမှ မဟုတ်ပဲ"

ဘသန်းမြင့် ဇွတ်ခေါ်သည်နှင့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ထဲသို့ ဝင်လိုက်ကြပါသည်။ သူ သဘောလိုက်သည်ကို တော့ ကျွန်တော် ကြားလိုက်ရသည်။ ဘယ်လောက်ကြာပြီး ဘာတွေဖြစ်နေသည်ကိုတော့ သေသေချာချာ မသိပါ။ ယခုမှ သိရသည်က အိမ်လေးရာလေးနှင့် အတော်လေးအခြေခိုင် သွားကြောင်း၊ နောက် တစ်ခေါက်နှစ်ခေါက်လိုက်ပြီးလျှင် ရန်ကုန်မှာပဲ အခြေတကျလုပ်ငန်းလုပ်မည့်အကြောင်း၊ အိမ် ထောင်ပြုတော့မည်ဖြစ်ကြောင်း စသည်တို့ကို သိရပါသည်။

ထို့နောက် လက်ဖက်ရည်ဖိုး ရှင်းတော့မည်ကဲ့သို့ သူ့ လက်ကိုင်အိတ်ကို ထုတ်သည်။ ပြီးတော့ ကျွန်တော့် လက်ကိုင် အိတ်ကို လှမ်းဆွဲယူဖွင့်လိုက်ပြီး ငွေစက္ကူတစ်ထပ်ကို ထည့်မည် လုပ်ပါသည်။

"ဟော့ - ဘသန်းမြင့် ဒီလိုမလုပ်နဲ့၊ ငါဟာ မချမ်းသာပါဘူး။ ဒါပေမဲ့ မဆင်းရဲဘူး။ ငွေရေးကြေးရေး ဘာမှမလိုဘူး။ ငါ မလိုချင်ဘူး"ဟု မျက်နှာထား ခပ်တင်းတင်းပဲ ပြောလိုက်သည်။

ဘသန်းမြင့် မျက်နှာအနည်းငယ်ပျက်သွားပြီးမှ လေသံခပ်အေးအေးနှင့် -

"ဒီလိုမပြောပါနဲ့ ဆရာရယ်။ ဆရာ့ဘဝ အေးအေးချမ်းချမ်း မပူရမပင်ရ နေနိုင်တယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဆရာ့ကျေးဇူးတွေ ကျွန်တော့်မှာ ရှိပါတယ်၊ ဆရာ့ကို ကျွန်တော် ဘယ်တော့မှ မမေ့ဘူးဆိုတာကို အသိအမှတ်ပြုတဲ့အနေနဲ့ ဆရာ့ကလေးတွေဖို့ မုန့်ဖိုးအဖြစ် ယူသွားပါ ဆရာ။ ကလေးတွေအတွက်ပါ"

သူ့မျက်နှာကို ကြည့်လိုက်တော့ တကယ့်ကို သူ့စေတနာကို ပြလိုသည့် သင်္ကေတမျှသာ ဖြစ်ကြောင်းကို သိလိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်လည်း ဘာမျှ ပြန်မပြောတော့ဘဲ ခပ်ငိုင်ငိုင်သာ ကြည့်နေလိုက်မိပါသည်။

လူချင်းခွဲခါနီးတော့ "အချိန်ရရင် ဆရာ့အိမ်ကို လာခဲ့ဦးမယ် ဆရာ"ဟု ပြောပြီး လက်အုပ်ချီ နှုတ်ဆက်သွားပါသေးသည်။

အိတ်ကို ဖွင့်ကြည့်လိုက်တော့ ငွေသုံးရာ ထည့်ပေးသွားသည်ကို တွေ့လိုက်ရပါသည်။ ထိုငွေကို ကျွန်တော် ဘာလုပ်ရမည်နည်း ဆိုသည်ကို စဉ်းစားလို့မရနိုင်အောင် ဖြစ်နေမိသည်။ 'အေးလေ ... ကလေးတွေ မုန့်ဖိုးပဲပေါ့'ဟု စိတ်ကိုဖြေပြီး

တွေးလိုက်မိပါသည်။

ထိုကဲ့သို့ ခပ်ငိုင်ငိုင် လမ်းလျှောက်လာနေစဉ်မှာပင် "ဆရာ . . . ဆရာ"ဟု ခေါ်လိုက်သံကြားလို့ လှည့်ကြည့်လိုက်တော့ မိန်းကလေးတစ်ယောက်။ ခပ်ပိန်ပိန်ပါးပါး၊ သေချာကြည့်လိုက်တော့မှ မှတ်မိပြီ -

"ဟဲ့ - လှမြတ်ထွေးပါလား။ မတွေ့ရတာကြာပြီ။ ထွန်းအောင်ကော နေကောင်းလား။ ဘာလုပ်နေကြလဲ။ နင်တို့ကလေးဘယ်နှစ်ယောက်ရပြီလဲ" စသည်ဖြင့် တသီကြီး မေးလိုက်မိပါသည်။

လမ်းမှာပင် စကားရပ်ပြောရင်း သိလာရသည်။ ထွန်းအောင်က မကြာသေးမီကပင် အလုပ်လက်မဲ့ ဖြစ်သွားသည်။ လှမြတ်ထွေး၏ လခကလေးကိုသာ ချွေတာစားသောက်ကြရသည်။ ဒုတိယကလေးကလည်း နို့ဘူးတိုက်ရသည်နှင့် ဘာနှင့်ဆိုတော့ အတော်လေး ကသီလင်တဖြစ်နေကြရဟန် တူသည်။ မိဘများကလည်း ယခင်ကလို စီးပွားရေး မတောင့်တင်းသည်ကြောင့် သိပ်ပြီး ထောက်ပံ့နိုင်ကြဟန် မတူပါ။

ကျောင်းသူဘဝတုန်းက လှမြတ်ထွေးကို ပြန်ပြီး သတိရမိသည်။ မြူးမြူးကြွကြွ၊ လှပေ့ကောင်းပေ့ဆိုသော အဝတ်အစားလေးများကို ဝတ်ဆင်တတ်သူ။ ကျွန်တော့်အတွက် စားစရာမုန့်ကို မကြာခဏ ယူလာတတ်သည်။ သူတို့အိမ်နားမှာ မုန့်ဖုတ်သည့်အိမ်ရှိလို့ ထင်ပါရဲ့။ နာနတ်ယိုသွပ်ထားသည့် မုန့်တစ်မျိုးမှာ အတော်စားကောင်းသည်ကို ကျွန်တော် မှတ်မိနေသေးသည်။

ယခု သူ့ကို ကြည့်လိုက်တော့ အဝတ်အစားက နွမ်းလှသည်ဟု မဆိုနိုင်တောင်မှ သစ်သစ်လွင်လွင်တော့ မဟုတ်။ သူ့ဖိနပ်ကို သတိထားကြည့်လိုက်တော့ နွမ်းပါးရှာမှန်း ပိုပြီး သိသာနေသည်။

"ငါလဲ ဆာနေတယ်။ လာဟာ - ဆီချက်စားရင်း စကားပြောကြရအောင်"ဟု ဆိုပြီး သူ့ကို ခေါ်ရသည်။ သူက နေပါစေဟု ပြောသော်လည်း ကျွန်တော်နှင့်တော့ စကားပြောချင်ပုံရသည်။

ဆီချက်စားရင်း "ကျောင်းသူဘဝကို ပြန်ပြီး လွမ်းတယ် ဆရာ"ဟု တမ်းတမ်းတတ ပြောရှာသေးသည်။

"နင် - ငါ့ဖို့ မုန့်တွေ ဝယ်ဝယ်လာတာ မှတ်မိသေးလား" ဟု ပြောတော့ သူက "အဲဒီတုန်းက သိပ်ပျော်စရာကောင်းတာပဲ ဆရာရယ်။ ကျွန်မဖြင့် တွေးမိတိုင်း လွမ်းတယ်"

ခဏရှိတော့ ကျွန်တော်ကလည်း ဘသန်းမြင့် လုပ်သွားတဲ့ နည်းအတိုင်းပါပဲ။ သူ့လက်ပွေ့အိတ်ကလေးကို ကောက်ယူ ဖွင့်လိုက်ပြီး ဘသန်းမြင့်ပေးခဲ့တဲ့ ငွေသုံးရာကို ထည့်မယ်လုပ်လိုက်တော့ သူက မျက်စိပျက်၊ မျက်နှာပျက်ဖြစ်ကာ ပျာပျာသလဲ -

"မလုပ်ပါနဲ့ ဆရာရယ်။ မယူပါရစေနဲ့"ဟု ပြောရင်း သူ့အိတ်ကို ပြန်ယူမည် လုပ်ပါသည်။ ကျွန်တော်က ပြန်မပေးဘဲ ဖွတ်ထည့်နေတော့ -

"မလုပ်ပါနဲ့ ဆရာ။ ကိုထွန်းအောင် ကျွန်မကို ဆဲလိမ့်မယ်"

"အေး . . . ထွန်းအောင်လဲ ငါ့တပည့်၊ နင်လဲ ငါ့တပည့်ပဲ။ အဲသည်ကောင်ကို ပေးတာမဟုတ်ဘူး။ နင့်ကို ပေးတာလဲ မဟုတ်ဘူး။ ကလေးတွေအတွက် မုန့်ဖိုး ပေးလိုက်တာကြားလား"

ထို့နောက်မှ ကျွန်တော်က မျက်နှာထားကို ခပ်တင်းတင်း ပြင်လိုက်ပြီး ခပ်အေးအေး၊ ခပ်တင်းတင်းလေသံနှင့် -

"ဒီမယ် လှမြတ်ထွေး၊ ဆရာတစ်ယောက်မှာ တပည့်တွေဆိုတာ အများကြီးရှိတာပဲ။ ဒါပေမဲ့ ကိုယ့်မှာ အကျပ်အတည်း ကြုံလာရင် လိပ်ပြာမငယ်ဘဲ အကူအညီသွားတောင်းဝံ့တဲ့ တပည့်မျိုး များများမရှိဘူး။ အဲဒီအထဲမှာ နင်တို့လင်မယားနှစ်ကောင်လုံးကို အားကိုးနိုင်တယ်လို့ ငါ အမြဲယူဆခဲ့တယ်။ ငါ့အပေါ်မှာလဲ နင်တို့လင်မယားက အဲဒီလို အပြန်အလှန်သဘောထားသင့်တယ်။ နောက်ပြီး နင်တို့က မွေးတဲ့ကလေးဟာလဲ ငါ့မြေးတွေလိုပဲ ဖြစ်လာပြီ မဟုတ်လား"

ကျွန်တော်၏ လေသံ၊ ကျွန်တော်၏ မျက်နှာထားကို ကြည့်ရင်း ကျွန်တော့်စကားတွေကို ကြားတော့မှ လှမြတ်ထွေး မျက်ရည်ဆင်းလာပါသည်။ ဘာမှ ပြန်မပြောတော့ပါ။

လူချင်းခွဲခါနီးတော့ -

"ဒီမယ် လှမြတ်ထွေး၊ လူဆင်းရဲပေမဲ့ စိတ်မဆင်းရဲစေနဲ့။ စီးပွားကျပေမဲ့ စိတ်မကျစေနဲ့။ ချမ်းသာခြင်းဆိုတာ သခါရပဲလို့ ပြောကြတယ်။ ဒါပေမဲ့ ဆင်းရဲတယ်ဆိုတာ သခါရပဲဆိုတာ မြဲမြဲမှတ်ထား။ နင်တို့လင်မယား အမြဲထာဝရ

နွမ်းပါးနေမှာ မဟုတ်ဘူး။ ပိုင်ရှင်မရှိတဲ့ ခွေးလေခွေးလွင့်တောင်မှ သူ့ဘဝမှာ နေ့ကောင်းရက်သာ ရက်ရာဇာဆိုတာ ရှိစမြဲပဲ။ ဘာမှ အားငယ်နေဖို့ မလိုဘူး။ အခိုက်အတန့်မျှလို့သာ သဘောထား။ လင်မယားချင်း စကားမများမိအောင် ဂရုစိုက်ကြ။ ထွန်းအောင်ကိုလဲ ငါက မှာလိုက်တယ်လို့ ဒီစကားတွေကို သေချာပြန်ပြီး ပြောလိုက်၊ ကြားလား"

လှမြတ်ထွေး ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ အားတက်ခြင်း၊ အားငယ်ခြင်းတို့ကို တစ်ပြိုင်နက်ခံစားပြီး မျက်ရည်ကဝေ့ဝေ့ နှုတ်ခမ်းကလေး တုန်တုန်ရီရီနှင့် နှုတ်ဆက်သွားပါသည်။ ဘသန်းမြင့် ပေးလိုက်သော 'ကလေးတွေဖို့ မုန့်ဖိုး'မှာ သူ့ရည်မှန်းချက်အတိုင်း 'ကလေးတွေဖို့ မုန့်ဖို့'ပဲ ဖြစ်သွားပါလေပြီ။ ဩော် . . . ကျောင်းမှာတုန်းက သူစားခဲ့တဲ့ မုန့်ဖိုးနဲ့ပဲ တူသေးတော့။

ဘသန်းမြင့် ပေးခဲ့သောငွေ ကျွန်တော့်မှာ တစ်ပြားမှ မကျန်တော့ပါ။ သို့သော် အများကြီး ကျန်ခဲ့ပါသည်။

●

အချင်းချင်းနားလည်ပြီး

တစ်ယောက်အမှားကို တစ်ယောက်က

သင်ခန်းစာယူနိုင်ကြလျှင်

တစ်ယောက်ရဲ့အမှန်ကို တစ်ယောက်က

သင်ခန်းစာယူနိုင်ကြလျှင်

ကျွန်တော်ကျေနပ်ပါပြီ...